# ကလေးသူငယ်များအတွက်အမေးအဖြေများ
# ( သမ္မာကျမ်းစာခံယူချက်ကိုမိတ်ဆက်ပေးခြင်း )

## ယုံကြည်သူကလေးသူငယ်များအတွက်

*by* **Ps J.J. Lim;**
*with suggestions by* **Rev. David Higgs**

October 2010 edition

Copyright © Gratia Dei Sola Media

# ကလေးသူငယ်များအတွက်အမေးအဖြေများ
# (သမ္မာကျမ်းစာခံယူချက်ကိုမိတ်ဆက်ပေးခြင်း)

by Ps J.J. Lim;
with helpful contributions by Ps David Higgs

© 2010 by Pilgrim Covenant Church

Myanmar language version © Gratia Dei Sola Media

Blk 203B, Henderson Road, #07-07, Singapore 159546.
Website: www.gdsmedia.org
Email: gdsmedia.sg@gmail.com

All rights reserved

မြန်မာဘာသာပြန်ဆိုသူ–ဆရာဦးဇမ်လမ့်ထန်
စာတိုက်သေတ္တာအမှတ် (၁၀၅၇)
ဗဟိုစာတိုက်ကြီးရန်ကုန်။
Email: dzlthang@gmail.com
အသင်းတော်အတွင်း ကန့်သတ်။

# နိဒါန်း

အသင်းတော်၌ မေးခွန်းများကို အသုံးပြု၍ သမ္မာကျမ်းစာအကြောင်းကို ကလေးသူငယ်များအား လမ်းညွှန်ခြင်းသည် ရှေးခေတ်ကာလမှစ၍ ယနေ့အထိတိုင် အသုံးပြု နေဆဲ နည်းစနစ်တစ်ခုဖြစ်သည်။ မေးခွန်းစာအုပ်များထဲတွင် Bible History Catechisms နှင့် Doctrinal (သို့) Creedal Catechismsနှင့်ပတ်သက်သော မေးခွန်းများပါဝင်သည်။ The Beginner's Book I စာအုပ်ထဲတွင် ဖော်ပြထားသောမေးခွန်းများ၏အဖြေများကို ကျွန်ုပ်တို့၏ သားသမီးများကကြိမ်ဖန်များစွာ ဖတ်ရွတ်ခြင်းအားဖြင့် အစပြုရမည်ဖြစ်သည်။ ဖတ်ရွတ်ခဲ့ပြီးနောက် သူတို့သည် အလွန်နုနယ်သော ကလေးသူငယ်များအတွက် အပတ်တိုင်းမေးခွန်းပုစ္ဆာများသင်ကြားသောအတန်းသို့ ဝင်ရောက်ကာ သမ္မကျမ်းစာအကြောင်းများကို နားထောင်ရမည်ဖြစ်သည်။

အလွန်ငယ်ရွယ်သောကလေးသူငယ်များ၏ အတန်းမှ the Beginner's I Class သို့ ကူးပြောင်းသွားခြင်းသည် ခက်ခဲမှုရှိလိမ့်မည်ဟု အချို့သော မိဘများက သိရှိခဲ့ကြသော်လည်း သူတို့သည် သူတို့၏ ကလေးသူငယ်များအား Beginner Level မှ စတင်ရန် စိတ်အားထက်သန်တတ်ကြသည်။ ဤစာအုပ်ထဲတွင်မေးခွန်းနှင့် အဖြေများကို အတိုးချုံးဖြင့် ဖော်ပြထားပါသည်။ အလွန်ငယ်ရွယ်သောကလေးသူငယ်များအတွက် ရည်စူး၍ ထုတ်ဝေထားသော မေးခွန်များဖြစ်သည်။ ကလေးငယ်တစ်ဦးသည် အပတ်စဉ်မေးခွန်းတစ်ခုစီ လေ့ကျင့်ရမည်ဖြစ်သည်။ သို့သော် ထပ်မံဖြည့်စွက်ထားသော မေးခွန်းများသည် ကလေးသူငယ်များက သူတို့ ကျက်မှတ်ထားသော သင်ခန်းစာများနားလည်သိရှိခြင်း ရှိ/မရှိ စစ်ဆေးရန်အတွက်သာဖြစ်သည်။ ထိုသို့စစ်ဆေးရာတွင် မိဘများမှာတာဝန်ရှိသည်။

ဤစာအုပ်ငယ်ကို အသုံးပြုသောအခါထပ်မံပေးထားသော မေးခွန်းများကို ကလေးသူငယ်အလွတ်ကျက်မှတ်ရန် မလိုအပ်ပေ။ အတန်းထဲတွင် သင်ကြားပေးသော ဆရာ/မများက တူညီသောမေးခွန်းများကို ကလေးသူငယ်များ ညွှန်ကြားရန် အသုံးပြုမည်ဖြစ်သည်။ ကလေးသူငယ်များသည် မိတ်ဆွေသင်ကြားခဲ့ပြီးသော အမေးအဖြေများထက် ဆရာ/မများ သွန်သင်ပေးသောသင်ခန်းစာများကို ပို၍ နှစ်သက်နိုင်သည်။

ဘုရားသခင်၏ နည်းလမ်းအားဖြင့် ကျွန်ုပ်တို့၏ကလေးသူငယ်များအားလမ်းညွှန်ရန် ဤအနည်းငယ်သော ကြိုးပမ်းမှုအပေါ် ဘုရားသခင်ကောင်းချီးချပေးပါစေ။

PS. I.J. Lim

Ps. တိုးတက်ရန်ရည်ရွယ်ချက်ဖြင့် အမှားများပြုပြင်ခြင်း၊ အကြံပြုခြင်းများရှိပါက(jjlim@pilgrim-covenant.com) သို့ ဆက်သွယ်ပါ။

Copyright © Gratia Dei Sola Media

## မေးခွန်း (၁)သင်ကို မည်သူက ဖန်ဆင်းခဲ့သနည်း။

## အဖြေ။ ။ ဘုရားသခင်က ဖန်ဆင်းခဲ့သည်။

**ထပ်မံဖြည့်စွက်ထားသော မေးခွန်းများ**

၁။ သင့်နာမည် မည်သို့ခေါ်သနည်း။

၂။ (ကလေးနာမည်)ကို မည်သူကဖန်ဆင်းခဲ့သနည်း။

၃။ သင့်အဖေက သင့်ကို ဖန်ဆင်းခဲ့သလား။

၄။ သင့်အမေက သင့်ကို ဖန်ဆင်းခဲ့သလား။

၅။ ဘုရားသခင်က သင့်ကို ဖန်ဆင်းခဲ့သလား။

၆။ (ကလေးရှေ့တွင် ကတ္တူဖြင့် လေယာဉ်ပျံနေပုံတစ်ခုလုပ်ပြပါ။ ဤစက္ကူ လေယာဉ်ပုံကို မည်သူက လုပ်ခဲ့သနည်း။

၇။ သင့်ကို မည်သူက ဖန်ဆင်းခဲ့သနည်း။



## မေးခွန်း (၂)။ ဘုရားသခင်သည် အခြားမည်သည့်အရာများကို ဖန်ဆင်းခဲ့သနည်း။

## အဖြေ။ ။ အရာခပ်သိမ်းကို ဖန်ဆင်းခဲ့သည်။

**ထပ်မံဖြည့်စွက်ထားသော မေးခွန်းများ**

၁။ ဘုရားခင်သည် (ကလေးနာမည်)ကို ဖန်ဆင်းခဲ့သလား။

၂။ ဘုရားသခင်သည် (သင့်ကို ကလေးသူငယ်က လက်ညှိုးထိုးပြရန်)ကို ဖန်ဆင်းခဲ့သလား။

၃။ ဘုရားသခင်သည် သစ်ပင်များကို ဖန်ဆင်းခဲ့သလား။

၄။ (ဆင်ရုပ်တစ်ခုကိုပြပါ။ အခြားသောတိရစ္ဆာန်များနှင့် ပိုးကောင်များကိုလည်း ပြောပြပါ) ဘုရားသခင်က ဆင်များကို ဖန်ဆင်းခဲ့သလား။

၅။ နေ၊ လ၊ ကြယ်များနှင့် ကမ္ဘာမြေကြီးကို ဘုရားသခင်က ဖန်ဆင်းခဲ့သလား။

၆။ ဘုရားသခင်ပြုသောအရာများအချို့တို့ကို ငါ့ကို ပြောပြနိုင်မလား။ (ကလေးသူငယ်များက မော်တော်ကားများနှင့် ခဲတံများဖြေလျှင် သူတို့ကို မဆဲသင့်ပါ။ ကလေးသူငယ်များသည် ရင့်ကျက်လာသောအခါ ပြည့်စုံစွာ သိရှိကြမည်ဖြစ်သောကြောင့် သူတို့ပြောသော အဖြေများကို“ ဟုတ်ပြီ ”ဟု လက်ခံပေးရမည်ဖြစ်သည်။ ကလေးသူငယ်များသည် နားလည်နိုင်လိမ့်မည်ဟု သင်ယူဆလျှင် ဘုရားသခင်ဖန်ဆင်းထားသော အရာများပြောပြ၍ လူတွေက ဘုရားသခင်ဖန်ဆင်းထားသောအရာများကိုအသုံးပြုကာ ပစ္စည်းများတီထွင်ပြုလုပ်ကြောင်းကို ပြောပြပါ။ ကလေးသူငယ်များသည် စိတ်ရှုပ်ထွေးနိုင်သောကြောင့် အတန်းတိုင်းတွင် ထိုသို့ မသင်ပေးသင့်ပါ။

၇။ သင့်ကို မည်သူက ဖန်ဆင်းခဲ့သနည်း။ ဘုရားသခင်က အခြားမည်သည့်အရာများ ဖန်ဆင်းခဲ့သနည်း။ (မေးခွန်း၏ အဖြေကို တဖန်ပြောပြပါ။)



Copyright © Gratia Dei Sola Media

## မေးခွန်း(၃) အရာခပ်သိမ်းကို ဘုရားသခင်က အဘယ်ကြောင့် ဖန်ဆင်းခဲ့သနည်း။

## အဖြေ။ ။သူ၏ဘုန်းတော်ထင်ရှားစေဖို့ရန်အတွက် ဖြစ်ပါသည်။

---

**ထပ်မံဖြည့်စွက်ထားသော မေးခွန်းများ**

၁။ ဘုရားသခင်က တောင်များကိုဖန်ဆင်းခဲ့သလား။(တောင်များကို လက်ညှိုးထိုးပြပါ)

၂။ တောင်သည် ကြီးမားသည်ဟု သင်ယူဆပါသလား။

၃။ တောင်များထက်ဘုရားသခင်သည် ပို၍ကြီးမားသလား။

၄။ ဘုရားသခင်က ခြင်္သေ့များကို ဖန်ဆင်းခဲ့သလား။

၅။ (ခြင်္သေ့ရုပ်ပုံတစ်ခုကိုပြပါ။)ခြင်္သေ့တစ်ကောင်သည် အားသန်သည်ဟုသင်ယူဆပါသလား။

၆။ ခြင်္သေ့တစ်ကောင်ထက် ဘုရားသခင်သည်ပို၍ ခွန်အားကြီးသလား။

၇။ (ပန်းတစ်ခုကိုပြပါ။)ဘုရားသခင်သည် ဤပန်းကိုဖန်ဆင်းခဲ့သလား။

၈။ ဤပန်းသည်လှပသည်ဟု သင်ယူဆသလား။

၉။ ဘုရားသခင်သည်ဤပန်းကိုဖန်ဆင်းသောကြောင့် လှိမ္မာပါးနပ်သောသူဖြစ်ပါသလား။

၁၀။ ဘုရားသခင်သည် ကြီးမားသောဘုရား၊ တန်ခိုးရှိသောဘုရား၊ ပညာရှိသောဘုရားနှင့်ဘုရားနှင့်ကောင်းမြတ်သောဘုရားဖြစ်ကြောင်း ကျွန်ုပ်တို့သိရှိရန် ဘုရားသခင် အလိုတော်ရှိသည်။ ‘‘ဘုရားသခင်သည် မိမိဘုန်းတော်ထင်ရှားစေဖို့အတွက် အရာခပ်သိမ်းကို ဖန်ဆင်းခဲ့သည်’’ဟုဖော်ပြရမည်ဖြစ်သည်။



## မေးခွန်း(၄) ။ ဘုရားသခင်အကြောင်းကို မည်သည့်နေရာတွင် ကျွန်ုပ်တို့သင်ယူနိုင်ကြသနည်း။

## အဖြေ ။ ။ သမ္မာကျမ်းစာတွင်သင်ယူနိုင်ပါသည်။

---

**ထပ်မံဖြည့်စွက်ထားသော မေးခွန်းများ**

၁။ သမ္မာကျမ်းစာအုပ်တစ်ခုကို ပြနိုင်မလား။

၂။ သင့်မှာ ကိုယ်ပိုင်ကျမ်းစာအုပ်ရှိသလား။

၃။ (သတင်းစာတစ်ခုကိုပြပါ။)ဘုရားသခင်အကြောင်းကို သတင်းစာတွင်သင်သင်ယူနိုင်မလား။

၄။ (ကျောင်းသုံးစာအုပ်တစ်ခုကိုပြပါ။)ကလေးသူငယ်များ စိတ်ရှုပ်ထွေးမှုမရှိစေရန်ခရစ်ယာန်စာအုပ်မဟုတ်သော စာအုပ်ကိုပြပါ။) ဤစာအုပ်မှ ဘုရားသခင်အကြောင်းကို သင်ယူနိုင်သလား။

၅။ (အခြားသောစာအုပ်အနည်းငယ်၊မဂ္ဂဇင်းစာအုပ်နှင့်သမ္မာကျမ်းစာအုပ်ကိုပြပါ ။ ဤစာအုပ်များမှ ဘုရားသခင်အကြောင်းသင်ယူနိုင်မလား။ ကလေးသူငယ်များက ကျမ်းစာအုပ်ဖြစ်သည်ဟု ဖြေနိုင်ပါသည်။)

၆။ သမ္မာကျမ်းစာမှ မည်သည့်သင်ခန်းစာများကို ကျွန်ုပ်တို့ သင်ယူနိုင်သနည်း။ (ကလေးသူငယ်များက အဖြေများစွာပြောနိုင်သည်။သို့သော်သူတို့ကို ဘုရားသခင် အကြောင်းသိရှိရန် အတွက်သာသင်ကြားပေးပါ။)

၇။ ဘုရားသခင်အကြောင်းကို သင်လေ့လာသိရှိချင်သလား။ (သမ္မာကျမ်းစာကိုဖတ်ရှုရန်နှင့်သမ္မာကျမ်းစာဖတ်ရှုသောအခါ သေချာစွာ နားစွင့်ရန်ပြောပြပါ။



Copyright © Gratia Dei Sola Media

## မေးခွန်း(၅)သမ္မာကျမ်းစာသည် မည်သည့်အရာဖြစ်သနည်း။
## အဖြေ။ ။ ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြစ်သည်။

### ထပ်မံဖြည့်စွက်ထားသော မေးခွန်းများ

၁။ ဘုရားသခင်အကြောင်းကို မည်သည့်နေရာတွင် ကျွန်ုပ်တို့သင်ယူနိုင်သနည်း။

၂။ (သမ္မာကျမ်းစာများနှင့်အတူ စာအုပ်အနည်းငယ်ကိုယူလာပါ။) သမ္မာကျမ်းစာအုပ်များကို သင်ရွေးကောက်နိုင်မလား။

၃။ သမ္မာကျမ်းစာမှ မည်သည့်အရာကို ကျွန်ုပ်တို့ သင်ယူနိုင်သနည်း။

၄။ သမ္မာကျမ်းစာကို မည်သူက ရေးသားခဲ့သနည်း။ (ကလေးသူငယ်များ၏ သိရှိနားလည်မှုနှင့် သင်ယူမှုများအပေါ်မူတည်၍ အဖြေများစွာ ရရှိနိုင်သည်။ သို့သော်သူတို့သိသင့်သိထိုက်သောအရာသည် သမ္မာကျမ်းစာ၊ နှုတ်ကပတ်တော်ကို "ရှေးသူတော်ရှင်"များက ရေးသားခြင်းဖြစ်သည်။)

၅။ (သမ္မာကျမ်း စာအုပ်တစ်ခုကိုပြပါ။) သမ္မာကျမ်းစာထဲတွင် မည်သူ့နှုတ်ထွက်စကားများပါဝင်သနည်း။

၆။ (စာအုပ်တစ်ခုကို လက်ညှိုးထိုးပြပါ။) ဤစာအုပ်ထဲတွင် မည်သူ့စကားများ ရေးသားခဲ့သနည်း။

၇။ (စာအုပ်များ၊ မဂ္ဂဇင်းစာအုပ်များနှင့် သမ္မာကျမ်းစာအုပ်များကိုပြ၍ မေးခွန်းနံပါတ် (၆)ကို ပြန်ဖတ်ပါ။)

၈။ သမ္မာကျမ်းစာသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြစ်လျှင် သမ္မာကျမ်းစာကို ဖတ်ရှုသောအခါ မည်သည့်အရာကို ကျွန်ုပ်တို့ လုပ်ဆောင်ရကြမည်နည်း။



## မေးခွန်း(၆) ဘုရားမည်မျှရှိသနည်း။
## အဖြေ။ ။စစ်မှန်သောဘုရားတဆူတည်းရှိသည်။

### ထပ်မံဖြည့်စွက်ထားသော မေးခွန်းများ

၁။ (ရေတွက်ခြင်း သင်ခန်းစာ) သင့်မှာလက်ချောင်း မည်မျှရှိသနည်း။) (တစ်ခုထက်များသော မျက်စိ၊ နား၊ လက် စသောအရာများမည်မျှရှိသနည်း)

၂။ (အခြားရေတွက်ခြင်း) သင့်မှာ ဖခင်မည်မျှရှိသနည်း။ (မိခင်မည်မျှရှိသနည်း စသည်ဖြင့်...)

၃။ နေမင်းကြီးကို သင်မြင်တွေ့ခဲ့ဖူးသလား။ နေမင်းကြီးမည်မျှရှိသနည်း။

၄။ ဘုရားမည်မျှရှိသနည်း။

၅။ ဘုရားတစ်ဆူတည်းရှိကြောင်း သင်မည်သို့သိရှိသနည်း။ (သမ္မာကျမ်းစာထဲတွင် ဖော်ပြထားပါသည်။)

၆။ ဘုရားများစွာရှိကြောင်း ကျွန်ုပ်တို့ပြောနိုင်သလား။ (အချို့သောကလေး သူငယ်များသည် ဘုရားတုများကို ပြောနိုင်သည်။ သို့သော်၎င်းတို့ကို မငြင်းဆိုပါနှင့်။ စစ်မှန်သောဘုရားတစ်ဆူတည်းရှိကြောင်း ပြောပြပါ။)

၇။ ဘုရားသုံးဆူရှိသည်ဟု ကျွန်ုပ်တို့ပြောနိုင်သလား။



Copyright © Gratia Dei Sola Media

## မေးခွန်း(၇)သစ်သားနှင့်ကျောက်တို့ဖြင့်ဖန်ဆင်သောဘုရားများသည် မည်သူတွေဖြစ်ကြသနည်း။

## အဖြေ။ ။ သူတို့သည် ရုပ်တုများသာဖြစ်ကြသည်။

### ထပ်မံဖြည့်စွက်ထားသော မေးခွန်းများ

၁။ ဘုရား မည်မျှရှိသနည်း။

၂။ အမှားနှင့်အမှန်ကို သင်သိရှိသလား။ (“အတု” နှင့် “အစစ်”များ၏ကွာခြားမှုကိုရှင်းပြပါ။)

၃။ (ပုလင်းထဲတွင် ငါးအရှင်တစ်ကောင်ကိုပြပါ။ ငါးရုပ်ကလေးများကိုလည်း ပြပါ။) မည်သည့်ငါးတို့သည် ငါးအစစ်ဖြစ်ကြသနည်း။မှန်ကန်သောငါးတို့သည် မည်သည့်ငါးများဖြစ်ကြသနည်း။ ငါးအတုများသည် မည်သည့်ငါးများ ဖြစ်ကြသနည်း။(အခြားသောအရာများကိုလည်းပြောပြပါ။ ဥပမာအားဖြင့် သစ်ရွက်များ၊သစ်သီးများ၊ငါးများ၊သစ်ရွက်များ၏ရုပ်ပုံကိုဆွဲပြပါ။၎င်းတို့၏ဓါတ်ပုံများကို အသုံးမပြုပါနှင့်။ ဓါတ်ပုံများ ညှပ်ဖြတ်ခြင်းကိုလည်းမပြုပါနှင့်။

၄။ စစ်မှန်သော ဘုရားမည်မျှရှိသနည်း။

၅။ သစ်သားနှင့်ကျောက်တို့ဖြင့် ပြုလုပ်ထားသောရုပ်တုများသည် မည်သူတွေဖြစ်ကြသနည်း၊သစ်သားနှင့်ကျောက်တို့ဖြင့်ပြုလုပ်ထားသော ရုပ်ပုံများကို သင်မြင်တွေ့ခဲ့ဖူးသလား။ ရုပ်တုပုံများ (သို့) မဂ္ဂဇင်းစာအုပ်များတွင်ရှိသော ရုပ်ပုံများကို အသုံးပြုနိုင်သည်။

၆။ လူများစွာတို့သည် ဘုရားတုများရှေ့မှောက်တွင် ဆုတောင်းကြသည်။ ရုပ်တုဘုရားများရှေ့တွင် သင်ဆုတောင်းသင့်သလား။ သူတို့သည် သင်ဆုတောင်းသံကိုကြားနိုင်သလား။သူတို့ထံဆုတောင်းသောသူများကို သူတို့ကကူညီနိုင်ကြသလား။

၇။ (မေးခွန်းနံပတ် (၇) နှစ်ကိုဖြေရှင်းရန် ရုပ်တုတစ်ခုကို အသုံးပြုပါ။ ၎င်းရုပ်တုအားစကားပြောခြင်းအားဖြင့် ရွေ့လျားစေနိုင်သလားဟု သူတို့ကိုမေးပါ။



## မေးခွန်း(၈)တစ်ဆူဘုရားတွင် ပုဂ္ဂိုလ်မည်မျှပါဝင်သနည်း။

## အဖြေ ။ ။ သုံးပါးပါဝင်သည်။

### ထပ်မံဖြည့်စွက်ထားသော မေးခွန်းများ

(အောက်တွင်မေးထားသော မေးခွန်းများသည် သုံးပါးတစ်ဆူအကြောင်းနှင့်ပက်သက်၍ ကလေးသူငယ်များက သေခြာစွာသိရှိစေနိုင်လောက်အောင် မိဘများက သွန်သင်ရန် ရည်ရွယ်ချက်ဖြင့် ထုတ်ဝေထားခြင်းဖြစ်သည်။ အောက်တွင်ပေးထားသော မေးခွန်းများမှားယွင်းမှုရှိသည်ဟု အချို့သောသူများက ကန့်ကွက်နိုင်ပါသည်။ သို့သော် မှတ်ထားစရာတစ်ခုသည် အောက်တွင် ပေးထားသောမေးခွန်းများသည် သုံးပါးတစ်ဆူအကြောင်းနှင့်ပက်သက်၍ ပြည့်စုံစွာဖော်ပြထားသောအယူဝါဒမဟုတ်ပေ။ ဘုရားသခင်သည် တစ်ဆူတည်းသောဘုရားသခင်ရှိကြောင်း၊ထိုသုံးတစ်ဆူတွင် ပုဂ္ဂိုလ်သုံးပါးပါဝင်ကြောင်းကလေးသူငယ်များ သိရှိရန်အတွက်ရည်ရွယ်၍ မေးခွန်းများထုတ်ဝေခြင်းဖြစ်ပါသည်။

၁။ သင့်မှာ လက်မည်မျှရှိသနည်း။

၂။ လက်တစ်ဖက်မှ လက်ချောင်းမည်မျှရှိသနည်း။

၃။ သင့်မှာမိသားစုဝင်မည်မျှရှိသနည်း။ (မိသားစုအကြောင်းကိုနားမလည်သောကလေးသူငယ်များအတွက် ဤမေးခွန်းများသည် ခက်ခဲနိုင်ပါသည်။)

၄။ (ကလေးသူငယ်များသည် မေးခွန်းနံပါတ်(၃)ခုကို ဖြေဆိုနိုင်လျှင်) သင့်မိသားစုမှာ လူဦးရေမည်မျှ ပါဝင်သနည်း။

၅။ ဘုရားမည်မျှ ရှိသနည်း။

၆။ တစ်ခုတည်းသော ဘုရားတွင် ပုဂ္ဂိုလ်မည်မျှပါဝင်သနည်း။

၇။ တစ်ခုတည်းသော ဘုရားတွင်ပုဂ္ဂိုလ် (၄ ၊ ၅ စသည်ဖြင့်)ပါးပါဝင်သလော။



Copyright © Gratia Dei Sola Media

## မေးခွန်း(၉) သုံးပါး တစ်ဆူတွင်ပါဝင်သော ပုဂ္ဂိုလ်များသည် မည်သူတွေဖြစ်ကြသနည်း။

## အဖြေ။ ။ ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသော ဝိညာဉ်တော်ဖြစ်သည်။

---

### ထပ်မံဖြည့်စွက်ထားသော မေးခွန်းများ

၁။ ဘုရားမည်မျှရှိသနည်း။

၂။ တဆူးတည်းသောဘုရားတွင် ပုဂ္ဂိုလ်မည်မျှပါဝင်သနည်း။

၃။ ဤပုဂ္ဂိုလ်များသည် မည်သူတွေဖြစ်ကြသနည်း။

၄။ ခမည်းတော်ဘုရားသည် မည်သူဖြစ်သည်ကို သင်သိသလား။ (သူသည် ကောင်းကင်ဘုံ၌ရှိသော ကျွန်ုပ်တို့၏ ခမည်းတော်ဘုရားဖြစ်သည်။ ကျွန်ုပ်တို့သည် ဆုတောင်းသောအခါ ဘုရားသခင်ကို စကားပြောခြင်းဖြစ်သည်။)

၅။ ခမည်းတော်သည် ဘုရားဖြစ်ပါသလား။

၆။ သားတော်ဘုရား၏ နာမည်ကိုသင်သိပါသလား။

၇။ သားတော်သည် ဘုရားဖြစ်ပါသလား။

၈။ သန့်ရှင်းသော ဝိညာဉ်တော်သည် ဘုရားဖြစ်ပါသလား။

၉။ ဘုရားမည်မျှရှိသနည်း။

၁၀။ တစ်ဆူတည်းသောဘုရားတွင် ပုဂ္ဂိုလ်မည်မျှပါဝင်သနည်း။



## မေးခွန်း (၁၀) ဘုရားသခင်မည်သည့်နေရာမှာရှိသနည်း။

## အဖြေ။ ။ သူသည် နေရာတိုင်း၌ ရှိသည်။

---

### ထပ်မံဖြည့်စွက်ထားသော မေးခွန်းများ

၁။ ဘုရားသခင်အကြောင်းကို မည်သည့်နေရာတွင် ကျွန်ုပ်တို့ သင်ယူနိုင်သနည်း။

၂။ ဘုရားမည်မျှရှိသနည်း။

၃။ သစ်သားနှင့် ကျောက်တို့ဖြင့် ပြုလုပ်ထားသော ရုပ်တုများသည် မည်သူတွေဖြစ်ကြသနည်း။

၄။ ရုပ်တုများကို မည်သည့်နေရာတွင် သင်တွေ့နိုင်သနည်း။ (ဗိမာန်တော်များ၊ လက်ဖက်ရည်ဆိုင်များ၊ အဘိုးအဘွားအိမ်များတွင်... စသည်ဖြင့်)

၅။ ဘုရားသခင်သည် ဘယ်မှာရှိသနည်း။

၆။ ဘုရားသခင်သည် ကောင်းကင်ဘုံတွင် ရှိပါသလား။

၇။ ဘုရားသခင်သည် ယခုဤနေရာတွင် ရှိပါသလား။

၈။ သူသည် ဩစတြေးလျနိုင်ငံတွင် ရှိသလား။ (တရုတ်နိုင်ငံ၊ အမေရိကနိုင်ငံ စသည်ဖြင့်)

၉။ သင်သည် တောတောင်များသို့ သွားလျှင် ဘုရားသခင်ရှိမည်လော။ (ပင်လယ်၊ လကမ္ဘာ စသည်ဖြင့်)



Copyright © Gratia Dei Sola Media

## မေးခွန်း (၁၁)ဘုရားသခင်ကို သင်မြင်နိုင်သလား။
## အဖြေ။ ။မမြင်နိုင်သော်လည်းသူသည်ကျွန်ုပ်တို့ကို မြင်သည်။

---

### ထပ်မံဖြည့်စွက်ထားသော မေးခွန်းများ

အောက်တွင်ပေးထားသော မေးခွန်းများသည် ကလေးသူငယ်များက ဘုရားသခင်ကို မမြင်နိုင်သော်လည်း ဘုရားသခင်သည် သူတို့ကို မြင်တွေ့ကြောင်းနှင့် သူတို့ပြုလုပ်သောအရာအားလုံးကို သိရှိကြောင်း ကလေးသူငယ်များက နားလည်သိရှိရန်အတွက်ဖြစ်သည်။ကလေးသူငယ်အများစုတို့သည် သူတို့မမြင်နိုင်သောအရာများ ရှိလိမ့်မည်ဟု စဉ်းစားနိုင်စွမ်းမရှိကြပေ။ သူတို့မြင်တွေ့နေသောအရာများသာ ရှိသည်ဟု ယုံကြည် တတ်ကြသည်။ သူတို့သည် ''တည်ရှိခြင်း'' အယူအဆကို နားလည်သိရှိခြင်း မရှိပေ။ ထို့ကြောင့် ကလေးသူငယ်များက ဘုရားသခင်တည်ရှိခြင်းကြောင်းကို မေးမည်မဟုတ်ပေ။ ပို၍အသက်ကြီးသော ကလေးငယ်များသည် Santa Claus တည်ရှိခြင်း အကြောင်းနှင့် ၎င်းစတင်တည်ရှိခြင်းမေးမည်မဟုတ်။ ဘုရားသခင်တည်ရှိ ခြင်းကိုလည်း သိကြမည်မဟုတ်ပေ။ သူတို့သည် ဘုရားသခင်၏ ပုံသဏ္ဍာန်တော်နှင့်အညီ ဖန်ဆင်းထားသူများဖြစ်ကြောင်းကို မသိကြပေ။ ထို့ကြောင့်မေးခွန်းထဲတွင် ကျွန်ုပ်တို့မြင့်၍မရသော အရာများတည်းရှိကြောင်း သက်သေပြသပေးသော မေးခွန်းများထည့်သွင်းထားခြင်းမရှိပေ။ သို့သော် ကလေးသူငယ်များတောင်းချက်အရ သွန်သင်သောဆရာများက ဘုရားသခင်တည်ရှိခြင်း အကြောင်းသက် သေပြသရန် လိုအပ်သည်ဟု ယူဆလျှင် သွန်သင်ပေးနိုင်ရန် နည်းဗျူဟာတစ်ခုရှိသည်။ ၎င်းမှာလက်ထဲတွင် ငွေအကြွေတစ်ပြားကို ကိုင်လျက် ''မင်းတို့ဒင်္ဂါးပြားကို မြင်နိုင်ကြသလား'' ဟုမေးမြန်းခြင်းဖြစ်သည်။ ကလေးသူငယ်များက''မမြင်ပါ''ဟုပြန်ဖြေပါလိမ့်မည်။ ထိုနောက်သူတို့သည် မမြင်နိုင်သော်လည်း ဒင်္ဂါးပြားရှိကြောင်းကို ရှင်းပြရမည်ဖြစ်သည်။ ဘုရားသခင် တည်ရှိခြင်း အကြောင်းကို ထိုဥပမာအားဖြင့် သက်သေပြသရန် လိုလောက်မှု မရှိသောကြောင့် ထိုဥပမာအသုံးပြုခြင်းသည်လုံလောက်မှုမရှိပါ။

၁။ ဘုရားသခင်အကြောင်းကို ကျွန်ုပ်တို့ မည်သည့်နေရာတွင် သင်ယူနိုင်သနည်း။

၂။ ဘုရားမည်မျှရှိပါသနည်း။

၃။ ဘုရားသခင်သည် မည်သည့်နေရာတွင်ရှိပါသနည်း။

၄။ သူသည် ဤအခန်းထဲ၌ရှိပါသလား။

၅။ ဘုရားသခင်ကို သင်မြင်တွေ့နိုင်ပါသလား။

၆။ ဘုရားသခင်သည် သင့်နာမည်ကို သိပါသလား။

၇။ သင်ပြုလုပ်သောအရာကို ဘုရားသခင်ကသိပါသလား။



## မေးခွန်း(၁၂)ကျွန်ုပ်တို့သည်တိရိစ္ဆာန်များနှင့်မည်သို့ကွဲပြားမှုရှိသနည်း။
## အဖြေ။။ဘုရားသခင်၏ ပုံသဏ္ဍာန်တော်ကို ကျွန်ုပ်တို့အထဲတွင်ရှိသည်။

---

### ထပ်မံဖြည့်စွက်ထားသော မေးခွန်းများ

၁။ လူပျိုနှင့် အပျိုစင်များသည် မြင်းများ၊ မြည်းများနှင့် ကွဲပြားမှုမရှိဟု လူအချို့တို့က ပြောတတ်ကြသည်။ သင်သည် မြင်းများ၊ မြည်းများနှင့်တူသလား။

၂။ သင်သည် မြင်းများ၊ မြည်းများနှင့် မည်သို့ ကွဲပြားမှုရှိသနည်း။ (မေးရန် သင်သည် တောတိရိစ္ဆာန်များနှင့် မည်သို့ကွဲပြားမှုရှိသနည်း။ ကျွန်ုပ်အထဲတွင် ဘုရားသခင်၏ ပုံသဏ္ဍာန်တော်ရှိသည်။)

၃။ ''ဘုရားသခင်၏ ပုံသဏ္ဍာန်တော် ကျွန်ုပ်ထဲတွင်ရှိသည်''ဟု သင်ပြောသော အခါ ဘာကိုဆိုလိုသနည်း။ (အကြံပြုရန်။ သင့်မှာ စိတ်ဝိညာဉ်ရှိသည်ကို ဆိုလိုသည်။ တိရိစ္ဆာန်များတွင် ဝိညာဉ်မရှိပေ။)

၄။ စိတ်ဝိညာဉ်သည်မည်သည့်အရာကို ဆိုလိုသနည်း။ (အကြံပြုရန်– စိတ်ဝိညာဉ်ကိုသင့်မျက်စိဖြင့် မမြင်နိုင်ပေ။ သင့်မှာ စိတ်ဝိညာဉ်ရှိသောကြောင့် စဉ်းစားတွေးခေါ်နိုင်သည်။ စကားပြောနိုင်သည်။ ပြုံးနိုင်သည်။ ဆုတောင်းနိုင်သည်။ အမှားနှင့် အမှန်ကို လည်းခွဲခြားသိရှိနိုင်သည်။)

၅။ မြည်းတစ်ကောင်မှာ စိတ်ဝိညာဉ်ရှိသလား။ (မှတ်သားရန်။ သိအိုလော်ဂျီ ပညာရှင်အချို့တို့က တိရိစ္ဆာန်များမှာ စိတ်ဝိညာဉ်ရှိသည်ဟု ခံယူကြသည်။ သို့သော် သူတို့မှာ စဉ်းစားချင့်ချိန်တွေးခေါ်နိုင်သော စိတ်ဝိညာဉ်မရှိပေ။ ဤခံယူချက်ဖြင့် ကလေးသူငယ်များ စိတ်ရှုပ်ထွေးမှုမပြုအပ်ပေ။ စိတ်ဝိညာဉ်ဟု ဖော်ပြသောအခါ စဉ်းစားချင့်ချိန်နိုင်သော အတွေးအခေါ်ကို ဆိုလိုသည်ကို ကလေးသူငယ်များအားပြောပြပါ။)

၆။ မြည်းတစ်ကောင်မှာ စိတ်ဝိညာဉ်မရှိကြောင်း သင်မည်သို့သိရှိသနည်း။ မြည်းတစ်ကောင် ဆုတောင်းနေသည်ကို သင်မြင်တွေ့ဘူးသလား။မြည်းတစ်ကောင် ပြုံးရယ်ခြင်းကို သင်မြင်တွေ့ခဲ့ဘူးသလား။ မြင်းတစ်ကောင်သည် သင့်ထံသို့ သွား၍ ဟဲလိုးဟုနှုတ်ဆက်ဖူးသလား။



Copyright © Gratia Dei Sola Media

# မေးခွန်း(၁၃)ပထမဦးဆုံးသောလူသားသည်မည်သူဖြစ်သနည်း။
# အဖြေ။ ။အာဒံဖြစ်သည်။

## ထပ်မံဖြည့်စွက်ထားသော မေးခွန်းများ

၁။ သမ္မာကျမ်းစာထဲတွင် ''အာဒံ''နာမည်ကို မည်သည့်နေရာတွင် ဖော်ပြထားသနည်း။(သမ္မာကျမ်းစာအုပ်၏ အစပိုင်းတွင် ဖော်ပြထားပါသည်။)

၂။ အာဒံသည် တိရိစ္ဆာန်တစ်ကောင်ကဲ့သို့ဖြစ်ခဲ့သလား။ သူသည် လူယောကျ်ားဖြစ်သလား။လူမိန်းမဖြစ်သလား။

၃။ အာဒံသည် မည်သူနှင့်တူသနည်း။သင်သိသလား။ (မသိပါ။သူသည်လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက အသက်ရှင်ခဲ့သည်။ သင်ဖွားမြင်ခြင်းမရှိမီ၊ သင်ဖခင်ဖွားမြင်ခြင်းမရှိမီ၊ မည်သူမှ ဖွားမြင်ခြင်းမရှိမီ သူသည် အသက်ရှင်ခဲ့သည်။)

၄။ အာဒံကို ဘုရားသခင်က မည်ကဲ့သို့ဖန်ဆင်းခဲ့သနည်း။ (သူ့ကို ဘုရားသခင်က မြေမှုန့်ဖြင့် ဖန်ဆင်းခဲ့သည်။)

၅။ သင်သည် မြေမှုန့်မှ လူတစ်ဦးကို ဖန်ဆင်းနိုင်သလား။ (လူတွေဖန်တီးသော လူသည် စဉ်းစားဆင်ခြင်နိုင်သောစိတ်မရှိပေ။)

၆။ ဘုရားသခင်သည် မြေမှုန့်မှ လူကို ဖန်ဆင်းနိုင်မလား။ (ဖန်ဆင်းနိုင်ပါသည်။ သူက ထိုလူအထဲတွင် စိတ်ဝိညာဉ်ချပေးခဲ့သည်။)

၇။ ဘုရားသခင်သည် လူမိန်းမကိုလည်း ဖန်ဆင်းခဲ့သည်။ သူမ၏နာမည်ကို သင်သိရှိသလား။

၈။ သင့်မှာ အဘိုးအဘွား ရှိသလား။ အာဒံနှင့်ဧဝတို့သည် ကျွန်ုပ်တို့အားလုံး၏ အဘိုးအဘွားများ ဖြစ်သည်ကို သင်သိသလား။



# မေးခွန်း (၁၄)အာဒံကို စတင်ဖန်ဆင်းသည့် အချိန်တွင် မည်သည့်အရာနှင့်တူခဲ့သနည်း။
# အဖြေ။ ။သူသည်အပြစ်ကင်းစင်သောသူတစ်ဦးဖြစ်ခဲ့သည်။

## ထပ်မံဖြည့်စွက်ထားသော မေးခွန်းများ

(အောက်တွင်ပေးထားသောမေးခွန်းများသည် အဆိုး၏ဆန့်ကျင်ဘက် ဖြစ်သော အကောင်းကိုသိရှိရန်အတွက်ဖြစ်သည်။ သို့သော်ကလေးသူငယ်များအတွက် အကောင်းနှင့်အဆိုးခွဲခြား ရန်ခဲယဉ်းနိုင်သည်။သူတို့အရွယ်တွင် နာမခံခြင်းနှင့်လူသတ်ခြင်းတို့သည် အလွန်ဆိုးရွားသည်ဟု သိရှိကြသည်။ သို့သော် သူတို့နှင့် လူသားအားလုံးတို့သည် ဆိုးသွမ်းနေကြသည်ဟု သိရှိရန် ခဲယဉ်းနိုင်ပေသည်။ အောက်တွင်ဖော်ပြထားသော မေးခွန်းများအားဖြင့် ကလေးသူငယ်များသည် အကောင်းနှင့် အဆိုးတို့ကို သွန်သင်ရန် ကျွန်ုပ်တို့ကြိုးပမ်းကြမည်ဖြစ်သည်။ သို့သော်ယခုတွင်၊ အာဒံသည် ဘုရားသခင်စကားကို နားမခံကြောင်းသိရှိလျှင် သူတို့အတွက် လုံလောက်ပါသည်)

၁။ ဓါးပြသည် ကောင်းသလား။ ဆိုးသလား။ လူသတ်သမားသည် ကောင်းသလား။ ဆိုးသလား။

၂။ ဓါးပြသည် အဘယ်ကြောင့်ဆိုးသနည်း။ (သူသည် ဥပဒေကိုချိုးဖောက်သောကြောင့် ဖြစ်သည်။)

၃။ ရဲအရာရှိတစ်ဦးသည် ကောင်းသလား။ ဆိုးသလား။ ''ကောင်းသည်''ဟူသော အဖြေကိုမျှော်လင့်ပါ။)

၄။ ရဲအရာရှိတစ်ဦးသည် အဘယ်ကြောင့် ကောင်းသနည်း။ (သူသည်ဥပဒေကို လိုက်နာ သောကြောင့်ဖြစ်သည်။)

၅။ (ကလေးနာမည်ကိုပြောပါ။) သည်ကောင်းသလား။ဆိုးသလား။ (မိဘများနှိုးဆော်ချက်အားဖြင့် ကလေးအများစုကကောင်းသည်ဟုဖြေဆိုနိုင်သည်။ ကျွန်ုပ်တို့သည်အပြစ်သား ဘာဝဖြင့် မွေးဖွားခြင်း ခံသောသူများဖြစ်ကြသည်။ သို့သော် ကလေးများဖြေဆိုသောအဖြေကို ချက်ချင်းမငြင်းဘဲ နောက်မေးခွန်း တစ်ခုကို ထပ်မေးလိုက်ပါ။)သင်သည်အမြဲတမ်းလူကောင်းဖြစ်ခဲ့ပါသလား။(မဖြစ်ခဲ့ပါ)

၆။ သင်သည် ဘယ်အချိန်တွင် ဆိုးသနည်း။ (သင့်ဖေဖေမေမေ ဆိုးမစကားကို နားမထောင်သောအခါ သင်သည်ကောင်းသလား။)

၇။ အာဒံသည် အဘယ်ကြောင့် လူကောင်းဖြစ်သနည်း။ (သူသည် ဘုရားသခင်၏ စကားကို နားထောင်သောကြောင့် ဖြစ်သည်။)



Copyright © Gratia Dei Sola Media

## မေးခွန်း (၁၅) အာဒံသည် အမြဲတမ်းဖြောင့်မတ်ပါသလား။
## အဖြေ။ ။ မဖြောင့်မတ်ပါ။ သူသည် အပြစ်ပြုခဲ့သည်။

**ထပ်မံဖြည့်စွက်ထားသော မေးခွန်းများ**

၁။ အာဒံကို ဖန်ဆင်းသောအခါ မည်သည့်အရာနှင့် တူခဲ့သနည်း။ (သူသည် ကောင်းသောလူတစ်ဦး ဖြစ်ခဲ့သည်။)

၂။ သူသည် အဘယ်ကြောင့် ကောင်းသောသူဖြစ်ခဲ့သနည်း။ (ဘုရားသခင်သည် သူ့ကို လူကောင်းအဖြစ် ဖန်ဆင်းခဲ့၍ သူသည် ဘုရားသခင်ကို အမြဲတမ်း နာခံခဲ့သောကြောင့်ဖြစ်သည်။)

၃။ ဧဒင်ဥယျာဉ်ထဲတွင် အဆိုးအကောင်းကိုသိကျွမ်းရာသစ်ပင်နှစ်မျိုးရှိသည်။ ထိုသစ်ပင် နှစ်မျိုးတို့၏နာမည်ကို သင်သိသလား။

၄။ (ပန်းသီးတစ်လုံး(သို့)သရက်သီးတစ်လုံးကို ပြပါ။) အကောင်းနှင့်အဆိုး ခွဲခြားနိုင်သော အပင်သည် ဤကဲ့သို့သောအသီးကို သီးသည်။ အရသာရှိမည်ဟုသင်ယူဆသလား။

၅။ အာဒံနှင့် ဧဝတို့သည် ထိုအပင်၏အသီးကို စားရမည်လား။ (မစားရပေ။)

၆။ အာဒံသည် ထိုအသီးကို စားခဲ့သလား။ (စားခဲ့သည်။)

၇။ အာဒံသည် ထိုအသီးကို စားခြင်းသည် မှန်ကန်မှုရှိသလား။

၈။ အာဒံသည် ထိုအသီးကို စားသောအခါ ဘုရားသခင်၏စကားကို နာခံခြင်း ရှိသလား။ (မရှိပေ။)

၉။ (သင်သည် နာခံခြင်းမရှိသောအခါ အပြစ်ဖြစ်သည်ဟု ရှင်းပြပါ။ ဤမေးခွန်းကို နောက်မေးခွန်းများတွင် ပြန်လည်တွေ့ရှိပါလိမ့်မည်။)



## မေးခွန်း (၁၆) အပြစ်ဟူသည် အဘယ်နည်း။
## အဖြေ ။ ။ ဘုရားသခင်ကို နာခံမှုမရှိခြင်းပင် ဖြစ်သည်။

**ထပ်မံဖြည့်စွက်ထားသော မေးခွန်းများ**

၁။ အကောင်းနှင့်အဆိုးကို ခွဲခြားနိုင်သော အပင်၏အသီးကို မစားရန် ဘုရားသခင်သည် အာဒံကို မိန့်မှာခဲ့သည်။ အာဒံသည် နာခံခြင်းရှိသလား။

၂။ အာဒံသည် နာခံမှုမရှိသောအခါ အပြစ်ပြုခဲ့သည်။ သင်သည် ဘုရားသခင်ကို နာမခံသည့်အခါတိုင်း အပြစ်ပြုသည်ဟု သင်သိရှိသလား။

၃။ သင်အပြစ်ပြုခဲ့ဘူးသလား။ (“ပြုခဲ့ဘူးသည်” ဟုဖြေလျှင် ဘာအပြစ်ပြုခဲ့သနည်းဟု မေးပါ။ “မပြုခဲ့ဘူးပေ”ဟုဖြေလျှင် “ပြုခဲ့ဘူးသည်”ဟု မှန်ကန်စွာ ဖြေနိုင်ရန် ဥပမာများဖြင့် ရှင်းပြပါ။)

၄။ ကျွန်ုပ်တို့ ပြုလုပ်ရမည့်အရာနှင့် မပြုလုပ်ရမည့်အရာများအတွက် ကျွန်ုပ်တို့အား ဘုရားသခင်လမ်းညွှန်ချက်များကို သင်သိရှိသလား။ ထိုလမ်းညွှန်ချက်များကို မည်သည့်နေရာတွင် တွေ့ရှိနိုင်သနည်း။

၅။ ထိုလမ်းညွှန်ချက်များမှ အချို့တို့ကို ဥပမာအနေဖြင့် ဖော်ပြပါ။

၆။ သင်သည် ဘုရားသခင်စကားကို နာမခံလျှင် သူသည် ဝမ်းမြောက်ခြင်း ရှိလိမ့်မည်ဟု သင်ထင်သလား။

၇။ သင်သည် ဘုရားသခင်ကို ဆန့်ကျင်သည်ဟုသိသောအခါ မည်သည့်အရာကို သင်လုပ်ဆောင်ရမည်နည်း။



Copyright © Gratia Dei Sola Media

## မေးခွန်း (၁၇) အပြစ်၏ အခကား အဘယ်နည်း။
## အဖြေ ။ ။ သေခြင်း ဖြစ်သည်။

### ထပ်မံဖြည့်စွက်ထားသော မေးခွန်းများ

(ဤမေးခွန်းသည် သေခြင်းအကြောင်းကိုဖော်ပြထားသည်။ သို့သော် ဤနေရာတွင် သေခြင်းတရားထက် အပြစ်တရားအကြောင်းကိုသာ အဓိက ဖော်ပြထားသောကြောင့် သေခြင်းအကြောင်းကို နောက်ပိုင်းတွင်ဆွေးနွေးသွားမည်ဖြစ်သည်။)

၁။ သင်သည် ဖခင်စကားကို နားမထောင်သောအခါ သူက သင့်ကို မည်သို့ပြုလုပ်သနည်း။(“အပြစ်ဒဏ်ပေးလိမ့်မည်”ဟုဖြေလျှင်၎င်း၊ အခြားပြစ်ဒဏ်တခုခုပေးသည်ဟုဖြေလျှင်၎င်း၊ သူက သင့်ကို မည်သို့ပြစ်ဒဏ်ပေးသနည်းဟုမေးပါ။)

၂။ သင့်ဖခင်စကားကို နားမထောင်ခြင်းသည် ဆိုးသွမ်းသောအရာဖြစ်သည်ဟု သင်ယူဆသလား။ သင့်ဖခင်က သင့်ကို ပြစ်ဒဏ်ပေးခြင်းသည် မှန်ကန်မှုရှိသလား။

၃။ အာဒံက ဘုရားသခင်ပြောသောစကားကို နားမထောင်ခဲ့ပေ။ သူသည် ဘုရားသခင် မိန့်မှာသောစကားကို မည်သို့ နာမခံခဲ့သနည်း။ (သူသည် အကောင်းနှင့်အဆိုးကို ခွဲခြားနိုင်သော အပင်၏အသီးကို စားခြင်းအားဖြင့် နာမခံခဲ့ပေ။)

၄။ အာဒံသည် ဘုရားသခင်ပြောသောစကားကို နားမထောင်ခြင်းသည် ဆိုးသောအရာဖြစ်သလား။ (မိဘများစကား နားမထောင်ခြင်းထက် ဘုရားသခင်စကားနားမထောင်ခြင်းသည် ပို၍ ကြောက်စရာကောင်းသည်ကို ရှင်းပြပါ။)

၅။ အာဒံသည် ဘုရားသခင်၏စကားကို နားမထောင်သောကြောင့် ဘုရားသခင်သည် သူ့အပေါ်တွင် စိတ်ဆိုးသည်ဟု သင်ထင်သလား။ “မထင်ပါ”ဟု ကလေးသူငယ်များက ဖြေဆိုလျှင် – သင့်ဖခင်က သင့်ကို အလုပ်တစ်ခုခု ခိုင်းသောအခါ သင်မပြုလုပ်ဘဲနေလျှင် သူသည်ဝမ်းသာမလား ဟုမေးပါ။

၆။ အာဒံကိုဘုရားကမည်သို့ အပြစ်ဒဏ်ပေးခဲ့သည်ကို သင်သိရှိသလား။ (သူတို့ကိုဧဒင်ဥယျာဉ်ထဲမှ နှင်ထုတ်၍ သူသည်သေရမည်ဖြစ်သည်။)

၇။ အာဒံသည် အဘယ်ကြောင့်သေရမည်နည်း။ (သူသည် အပြစ်ပြုသောကြောင့်ဖြစ်သည်။



## မေးခွန်း (၁၈)အာဒံသည် အပြစ်ပြုခဲ့ပြီးနောက်ဘာဖြစ်ပျက်သနည်း။
## အဖြေ။ ။အာဒံအားဖြင့် လူသားအားလုံးသေနေကြသည်။

### ထပ်မံဖြည့်စွက်ထားသော မေးခွန်းများ

(ဤမေးခွန်းသည် သေခြင်းတရားအကြောင်းကို အဓိကဖော်ပြထားသည်။ ကလေးသူငယ်များသည် သူတို့၏အတွေ့အကြုံပေါ်မူတည်၍ သေခြင်းတရားကို အနည်းအများသိရှိခဲ့ကြမည်ဖြစ်ပါသည်။ ဥပမာအားဖြင့် ကလေးငယ်တစ်ဦး၏မြတ်နိုးသူသေသောအခါ ဝမ်းနည်းမှု ခံစားသောကလေးငယ်တစ်ဦး(သို့) သူတို့မြတ်နိုးသောသူတစ်ဦး၏ ဈာပနအစည်းအဝေးသို့ တက်ရောက်သော ကလေးငယ်တစ်ဦးသည် ထိုသို့သောအတွေ့အကြုံမရှိသော ကလေးငယ်တစ်ဦးထက်သေခြင်း၏ ဆိုးရွားမှုကိုပို၍ သိရှိနိုင်မည်ဖြစ်သည်။ ကလေးသူငယ်တစ်ဦးအတွက် သေခြင်းတရားကို ဘယ်တော့မှ ချီးကျူးနိုင်မည်မဟုတ်ပေ။ အောက်တွင်ပေးထားသော ထပ်မံမေးရမည့် မေးခွန်းများသည် ကလေးသူငယ်များ ချစ်မြတ်နိုးသောသူများဖြစ်ကြသောကလေးဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုတွင် ရှိသောသူများ သေဆုံးခြင်းကို ကလေးသူငယ်များ သိရှိရန်အတွက်ဖြစ်သည်။ တိရစ္ဆာန်များ သေဆုံးခြင်းနှင့် လူသားတို့၏ သေဆုံးခြင်း ခြားနားမှုကိုမပြောသင့်ပေ။ သို့သော်သူတို့သည် ထိုအရာကို သိရှိရန်လိုအပ်ပါက ရှင်းပြရမည်ဖြစ်ပါသည်)

၁။ သင့်အဘွား၏အဘွားကို သင်မြင်ခဲ့ဘူးသလား။ သူ့အပေါ်မှာဘာဖြစ်ပျက်သည်ကို သင်သိသလား။ (ကလေးသူငယ်များ သိရှိရန်ခက်ခဲပါကသူတို့သိရှိသောလူတစ်ဦးနာမည်ဖြင့် ရှင်းပြပါ)

၂။ လူသေကို သင်မြင်တွေ့ခဲ့ဘူးသလား။ မည်သူနည်း။ သူသည်စကားပြောနိုင် သလား။ သူသည်လက်မြောက်နိုင်သလား။

၃။ ကျွန်ုပ်တို့အားလုံးသည် တနေ့ကျရင်သေရမည်ဟု သင်သိရှိသလား။ (ကျွန်ုပ်တို့အသက်ရှင်စဉ်တွင် ခရစ်တော်ပြန်မကြွလာရင် ကျွန်ုပ်တို့အားလုံး သေရကြမည်ဖြစ်သည်။)

၄။ ကျွန်ုပ်တို့ သေရမည့်အကြောင်းကို သင်သိရှိသလား။ (အာဒံပြုသောအပြစ်တရားကြောင့်၊ ကျွန်ုပ်တို့အားလုံးသည် အပြစ်သားများဖြစ်သောကြောင့် ဖြစ်သည်။)

၅။ သင်သည်လည်း တနေ့ကျင်ရင်သေရမည်ဟု သင်ထင်သလား။အဘယ်ကြောင့် သေရမည်နည်း။ (အာဒံအပြစ်ကြောင့်ဖြစ်သည်။ ကျွန်ုပ်သည် အပြစ်သား တစ်ဦးဖြစ်သောကြောင့်နှင့် အပြစ်၏ အခကားသေခြင်းဖြစ်သောကြောင့် ဖြစ်သည်။ မေးခွန်းနံပါတ်(၁၇)ကို ပြန်ကြည့်ပါ။ သေခြင်းတရားသည် ဘုရားသခင်ရွေးကောက်သောသူများအတွက်မဟုတ်။ သို့သော် ကျွန်ုပ်တို့သည်ဘုန်းတော်ဝင်စားရမည့်သူများဖြစ်ကြသည်ကိုသိရှိပါ။ဤအကြောင်းနှင့် ပတ်သက်၍မတူညီသောအချက်များရှင်းပြရန် ခဲယဉ်းလှသည်။ ထိုအကြောင်းကို မေးခွန်းနံပါတ်(၂၄)တွင် ကျွန်ုပ်တို့ ထပ်မံတွေ့ရှိလိမ့်မည်။)

၆။ သင်သေသောအခါ မည်သို့ဖြစ်ပျက်မည်ကို သင်သိသလား။ (သင့်ခန္ဓာကိုယ်သည် အုတ်ဂူထဲသို့သွားရမည်။သို့သော် သင့်ဝိညာဉ်သည် ကောင်းကင်နိုင်ငံ (သို့)ငရဲထဲသို့သွားရမည်ဖြစ်သည်။ ကောင်းကင်နိုင်ငံနှင့် ငရဲအကြောင်းကို အနည်းငယ်ရှင်းပြပါ။)

၇။ မည်သူတွေကောင်းကင်နိုင်ငံသို့ သွားရမည်ကို သင်သိသလား။(သခင်ယေရှု ခရစ်တော်ကို ယုံကြည်သောသူများသာ ကောင်းကင်နိုင်ငံသို့ သွားရမည်ဖြစ်သည်။



Copyright © Gratia Dei Sola Media

## မေးခွန်း (၁၉)အပြစ်တရားနှင့် သေခြင်းတရားမှ ကျွန်ုပ်တို့ကို မည်သူကကယ်တင်နိုင်သနည်း။
## အဖြေ။ ။သခင်ယေရှုခရစ်တော်ကသာ ကယ်တင်နိုင်သည်။

### ထပ်မံဖြည့်စွက်ထားသော မေးခွန်းများ

၁။ အာဒံသည် မည်သို့အပြစ်ပြုခဲ့သည်ကို သင်သိရှိသလား။ (သူသည် ဘုရားသခင် ပြောသောစကားကို နားခံခြင်းမရှိခဲ့ပါ။သူသည် အကောင်းနှင့် အဆိုးကို ခွဲခြားသိမြင်နိုင်သော အပင်၏အသီးကို စားခဲ့ပါသည်။) အာဒံသည် အပြစ်ပြုမိခဲ့ပြီးနောက် မည်သည့်အရာဖြစ်ပျက်ခဲ့သနည်း။ (လူသားအားလုံးသည် အာဒံအားဖြင့် သေနေကြသည်။)

၂။ သင်သည် အပြစ်သားတစ်ဦးဖြစ်သလား။

၃။ သင်သည်လည်း သေရမည်လား။

၄။ သင်သေလျှင် မည်သည့်နေရာသို့ သွားရမည်နည်း။ (ကျွန်ုပ်၏ ခန္ဓာကိုယ်သည် မြေမှုန့်သို့သွားကာ ဝိညာဉ်သည် ကောင်းကင်နိုင်ငံ(သို့) ငရဲထဲသို့ သွားရမည် ဖြစ်သည်။)

၅။ သင်သေသောအခါ မည်သည့်နေရာသို့သွားချင်သနည်း။

၆။ သင့်ကို ကောင်းကင်နိုင်ငံသို့ မည်သူက ပို့ဆောင်နိုင်မည်နည်း။ (သခင်ယေရှုခရစ်တော်ကသာ ပို့ဆောင်နိုင်ပါသည်။)

၇။ သခင်ယေရှုခရစ်တော်သည် အပြစ်တရားနှင့် သေခြင်းတရားမှ ကျွန်ုပ်တို့ကို ကယ်တင်နိုင်သောကြောင့် သူတပါးတည်းသာလျှင် ကျွန်ုပ်တို့ကို ကောင်းကင်နိုင်ငံသို့ ပို့ဆောင်ပေးနိုင်သည်။

၈။ သခင်ယေရှုခရစ်တော်ဘုရားကို သင်ယုံကြည်သလား။



## မေးခွန်း (၂၀)သခင်ယေရှုခရစ်တော်သည် မည်သူဖြစ်သနည်း။
## အဖြေ။ ။ ဘုရားသခင်၏ သားတော်ဖြစ်သည်။

### ထပ်မံဖြည့်စွက်ထားသော မေးခွန်းများ

၁။ အပြစ်တရားနှင့် သေခြင်းတရားမှ ကျွန်ုပ်တို့ကို မည်သူကကယ်တင်နိုင်သနည်း။(သခင်ယေရှုခရစ်တော်က ကယ်တင်ခဲ့သည်။)

၂။ သခင်ယေရှုခရစ်တော်သည် မည်သူဖြစ်သည်ကို သင်သိရှိသလား။

၃။ သခင်ယေရှုခရစ်တော်ကို သင်မြင်တွေ့ခဲ့ဘူးသလော။ (မမြင်ဘူးပါ။ သူသည် လွန်ခဲ့သောနှစ်ပေါင်းများစွာတွင် ဤလောက၌ အသက်ရှင်ခဲ့သည်။)

၄။ သခင်ယေရှုခရစ်တော်အကြောင်းကို မည်သည့်နေရာတွင် သင်ဖတ်ရှုသိရှိနိုင်သနည်း။ (သမ္မာ ၁ကျမ်းစာထဲတွင် ဖတ်ရှုနိုင်ပါသည်။)

၅။ သခင်ယေရှုပြုခဲ့သော အမှုအချို့တို့ကို ကျွန်ုပ်အား ပြောနိုင်မလား။ (သူသည် ဖျားနာသောသူများအား ကျန်းမာစေခဲ့သည်။ မျက်စိကန်းသောသူများ ကိုလည်း ပြန်မြင်စေခဲ့သည်။ သေသောသူများကိုလည်း ပြန်လည်ထမြောက် စေခဲ့သည်။ မုန်းတိုင်းများကို ပြန်လည်ငြိမ်သက်စေခဲ့သည်။ သူသည် သေခြင်းမှ ရှင်ပြန်ထမြောက်ခဲ့သည် စသည့်ဖြင့် .....)

၆။ ဤအရာများကို သင်ပြုလုပ်နိုင်သလား။

၇။ သခင်ယေရှုသည် ဤထူးဆန်းသော နိမိတ်လက္ခဏာများကို အဘယ်ကြောင့် ပြုလုပ်နိုင်သည်ကို သင်သိရှိသလား။ (သူသည်ဘုရားဖြစ်သောကြောင့် ဖြစ်သည်။(သို့)သူသည် ဘုရားသခင်၏ သားတော်ဖြစ်သောကြောင့် ဖြစ်သည်။)



Copyright © Gratia Dei Sola Media

## မေးခွန်း (၂၁) သခင်ယေရှုသည် အပြစ်ပြုခဲ့ဘူးသလား။
## အဖြေ။ ။ သူတပါးတည်းသာလျှင် အပြစ်မပြုဘူးခဲ့ပေ။

**ထပ်မံဖြည့်စွက်ထားသော မေးခွန်းများ**

၁။ အပြစ်တရားသည် မည်သည့်အရာဖြစ်သည်ကို သင်မှတ်မိသေးသလား။ (ဘုရားသခင်ပြောသော စကားကို နားမထောင်ခြင်းဖြစ်သည်။)

၂။ အာဒံသည် အပြစ်ပြုခဲ့သလား။ သူသည်မည်သို့အပြစ်ပြုခဲ့သနည်း။

၃။ လူတစ်ဦးသည် မည်သို့အပြစ်ပြုနိုင်သနည်း။

၄။ အပြစ်ပြုသောလူတစ်ဦးသည် အပြစ်သားဖြစ်သည်။ သင်သည် အပြစ်သားတစ်ဦးဖြစ်သလား။ သင်မိခင်သည် အပြစ်သားတစ်ဦးဖြစ်သလား။ သင့်ဖခင်သည် အပြစ်သားတစ်ဦးဖြစ်သလား။ သင့်ဆရာသည် အပြစ်သားတစ်ဦးဖြစ်သလား။ သင့် သင်းအုပ်ဆရာသည် အပြစ်သားတစ်ဦးဖြစ်သလား။

၅။ သခင်ယေရှုခရစ်တော်သည် အပြစ်သားတစ်ဦးဖြစ်သလား။

၆။ အပြစ်မပြုဘူးသော အခြားလူတစ်ဦးကို သင်သိရှိသလား။

၇။ သခင်ယေရှုခရစ်တော်သည် အဘယ်ကြောင့် အပြစ်ကို လုံးဝမပြုခဲ့ဘူးသနည်း။ (သူသည် ဘုရားသခင်၏ သားတော်ဖြစ်သောကြောင့် ဖြစ်သည်။)



## မေးခွန်း (၂၂)သခင်ယေရှုသည် သူ၏ လူများအတွက်မည်သည့်အရာကို လုပ်ဆောင်ပေးခဲ့သနည်း။
## အဖြေ။။ သူတို့၏ အပြစ်အတွက်သူ အသေခံခဲ့သည်။

**ထပ်မံဖြည့်စွက်ထားသော မေးခွန်းများ**

(သခင်ယေရှုခရစ်တော်သည် သူ့လူများအတွက် အသက်ရှင်ခဲ့သည်။ ဆင်းရဲဒုက္ခခံကာ အသေခံခဲ့သည်။ သို့သော် ဤနေရာတွင် ဖော်ပြထားသော မေးခွန်းများသည် ခရစ်တော်၏ကိုယ်စားပြုအသေခံခြင်းကိုအဓိကထား၍ ဖော်ပြထားသည်။)

၁။ အပြစ်၏ အခသည် မည်သည့်အရာဖြစ်သည်ကို သင်သိရှိသလား။ (မေးခွန်းနံပါတ်(၁၇)ကို ကြည့်ပါ။ သေခြင်းဖြစ်သည်။)

၂။ သခင်ယေရှုသည် အပြစ်ပြုခဲ့ဘူးသလား။ (မေးခွန်းနံပါတ်(၂၁)ကို ကြည့်ပါ။ အပြစ်မပြုခဲ့ပါ။ သူတစ်ပါးတည်းသာ အပြစ်မပြုခဲ့ဘူးပေ။

၃။ သခင်ယေရှုခရစ်တော်သည် အပြစ်ဒဏ်ပေးခြင်းကို ခံထိုက်ပါသလား။

၄။ သခင်ယေရှုခရစ်တော်သည် အသေခံရန် လိုအပ်ပါသလား။

၅။ ဘုရားသခင်၏ လူများသည် အပြစ်ပြုခဲ့ကြသလား။

၆။ ဘုရားသခင်၏ လူများသေသောအခါ ငရဲထဲသို့ သွားရန် လိုအပ်ပါသလား။

၇။ ဘုရားသခင်၏ လူများသည် ကောင်းနိုင်ငံသို့ သွားရောက်ရမည်ဖြစ်သည်။

၈။ သခင်ယေရှုခရစ်တော်သည် ကားတိုင်တော်ပေါ်တွင် အသေခံခဲ့သည်။ သူသည် အဘယ်ကြောင့် အသေခံခဲ့သည်ကို သင်သိရှိသလား။

၉။ သခင်ယေရှုသည် သူ၏လူများတွက် မည်သည့်အရာကို ပြုခဲ့သနည်း။



Copyright © Gratia Dei Sola Media

## မေးခွန်း(၂၃) သခင်ယေရှုသည်သေခြင်းမှ ထမြောက်ခဲ့သလား။
## အဖြေ။ ။ သူသည် သေခြင်းမှ ထမြောက်၍ကောင်းကင်ဘုံသို့ ပြန်သွားခဲ့သည်။

---

**ထပ်မံဖြည့်စွက်ထားသော မေးခွန်းများ**

၁။ လူသေကို သင်မြင်တွေ့ဘူးခဲ့သလား။

၂။ လူသေတစ်ဦးသည် ထ၍လမ်းလျှောက်နိုင်သလား။

၃။ ဆေးဆရာဝန်များက လူသေတစ်ဦးကို ပြန်ထစေနိုင်သလား။

၄။ သခင်ယေရှုသည်သေ၍ ပြန်လည်အသက်ရှင်ခဲ့သည်ကို သင်သိရှိသလား။

၅။ သူသည် သင်္ချိုင်းဂူထဲတွင် ရက်ပေါင်း မည်မျှကြာနေခဲ့သည်ကို သင်သိရှိသလား။ သူသည် ဘယ်နေ့ရက်တွင် ထမြောက်ခဲ့သနည်း။

၆။ သခင်ယေရှုထမြောက်ခဲ့ပြီးနောက် သူ့ကိုမြင်တွေ့ခဲ့သော သူ၏သူငယ်ချင်းများ နာမည်အချို့ကို ဖော်ပြနိုင်မလား။

၇။ သခင်ယေရှုထမြောက်ပြီးရက်ပေါင်းမည်မျှကြာပြီးနောက်သူသည် ကောင်းကင်ဘုံသို့ ချီဆောင်ခြင်းခံခဲ့ရသနည်း။

၈။ သခင်ယေရှုသည် ကောင်းကင်ဘုံသို့ မည်သို့ ချီဆောင်ခြင်းခံခဲ့သည်ကို သင်သိရှိသလား။

၉။ သင်သည် ကောင်းကင်နိုင်ငံတော်သို့ သွားနိုင်သလား။



## မေးခွန်း (၂၄) အပြစ်ကြောင့်ဘုရားသခင်သည် လူများကို အပြစ်ဒဏ်ပေးမည်လား။
## အဖြေ။ ။ သူတို့အတွက်သခင်ယေရှုသည် အသေခံခဲ့သောကြောင့်အပြစ်ဒဏ်မပေးတော့ပေ။

---

**ထပ်မံဖြည့်စွက်ထားသော မေးခွန်းများ**

၁။ သင်သည် ကျိုးကျသောအခါ သင့်အမေက သင့်ကိုရိုက်ခဲ့ပါသလား။

၂။ သင့်အမေက သင့်ကို ရိုက်ပြီးနောက် သင်အဖေကလည်းသင့်ကို ရိုက်ခဲ့သလား။ (မမျှော်လင့်သော အဖြေများထွက်လာရင် မည်သို့ဖြေရှင်းရမည်ကို ကြိုတင်ပြင်ဆင်ထားပါ။ တကြိမ်ပြစ်ဒဏ်ပေးခြင်းခံခဲ့ပြီးနောက် နောက်တကြိမ် ပြစ်ဒဏ်ပေးရန် မလိုအပ်ကြောင်းကိုရှင်းပြပါ။)

၃။ ဘုရားသခင်၏လူများသည်အပြစ်ဒဏ်ခံရန်ထိုက်တန်သည်ဟုသင်ယူဆသလား။ ယူဆပါသည်။ ကျွန်ုပ်တို့အားလုံး၏ဖခင်ကြီးအာဒံသည် အပြစ်ပြုခဲ့၍ကျွန်ုပ်တို့ သည်လည်းအာဒံပြုသောအပြစ်ကြောင့်အပြစ်သားများဖြစ်ကြသည်ဟု သမ္မာကျမ်းစာထဲတွင်ဖော်ပြထားပါသည်။)

၄။ ဘုရားသခင်၏လူများသေသောအခါမည်သည့်နေရာသို့သွားကြမည်ကို သင်သိပါသလား။

၅။ သူတို့သည် ငရဲထဲသို့ မသွားရမည်အကြောင်းကို သင်သိသလား။

၆။ သခင်ယေရှုခရစ်တော်၏ မေတ္တာသည် ဘယ်လောက်ကြီးမားကြောင်းကို သင်သိမြင်နိုင်သလား။



Copyright © Gratia Dei Sola Media

## မေးခွန်း(၂၅)ခရစ်တော်သည် သူ၏လူများကို မည်ကဲ့သို့ ပို့ဆောင်ပေးခဲ့သနည်း။
## အဖြေ။ ။သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ပို့ဆောင်ခဲ့သည်။

---

**ထပ်မံဖြည့်စွက်ထားသော မေးခွန်းများ**

၁။ သူ့လူမျိုးများအတွက် ခရစ်တော်ပြုခဲ့သောအမှုကိုသင်မှတ်မိသေးသလား။

၂။ သခင်ယေရှုခရစ်တော် သေခြင်းအားဖြင့် သူသည် သူ့လူမျိုးများအတွက် လက်ဆောင်တစ်ခုပေးခဲ့သည်။၎င်းကိုမည်သို့ခေါ်သနည်း။(ထာဝရအသက်ဟုခေါ်သည်)

၃။ ရပ်ဝေးတစ်နေရာမှာ ရှိနေသောသူငယ်ချင်းထံ လက်ဆောင်ပို့ပေးလိုလျှင် မည်သို့ ပို့ပေးရမည်နည်း။ (စာတိုက်မှ ပို့ပေးနိုင်သည်။)

၄။ ကျွန်ုပ်တို့ထံမှ အဝေးဆုံးသော ကောင်းကင်ဘုံသို့ သခင်ခရစ်တော်ယေရှု တက်ကြွခဲ့သည်။ ကျွန်ုပ်တို့အတွက် သခင်ယေရှုချပေးခဲ့သောလက်ဆောင်ကိုမည်သူကယူဆောင်လာပေးခဲ့သည်ကိုသင်သိသလား။ (သန့်ရှင်းသောဝိညာဉ်တော်က ယူဆောင်လာပေးခဲ့သည်။)

၅။ သန့်ရှင်းသော ဝိညာဉ်တော်သည်မည်သူဖြစ်သနည်း။(သူသည်ဘုရားသခင် ဖြစ်သည်။)

၆။ သန့်ရှင်းသော ဝိညာဉ်တော်ကို သင်မြင်နိုင်ပါသလား။ သန့်ရှင်းသော ဝိညာဉ်တော်ကို သင်ခံစားနိုင်သလား။

၇။ သန့်ရှင်းသောဝိညာဉ်တော်ကိုကျွန်တော်မမြင်နိုင်၊မခံစားနိုင်သော်လည်း သူသည် ကျွန်ုပ်ကို ပျော်ရွှင်မှုပေးခဲ့သည်။ အဘယ်ကြောင့်ပေးခဲ့သည်ကိုသင်သိရှိခဲ့သလား။ (ပျော်ရွှင်ခြင်းဆုကျေးဇူးသည်မည်သို့လာသည်ကိုရှင်းပြပါ။)



## မေးခွန်း(၂၆) ။ သန့်ရှင်းသော ဝိညာဉ်တော်သည် ဘာကို လုပ်ဆောင်ပေးခဲ့သနည်း။
## အဖြေ။ ။ ယုံကြည်ခြင်းကိုပေးသည်။

---

**ထပ်မံဖြည့်စွက်သော မေးခွန်းများ**

၁။ ရှင်ယောဟန်သည် ခရစ်ယာန်ဖြစ်သည်။ ယုဒသည် ခရစ်ယာန်မဟုတ်ပါ။ ယုဒဆီမှာမရှိသောအရာ၊ ရှင်ယောဟန်ထံမှာပဲရှိသောအရာကိုသင်သိပါသလား။ ငွေကြေးလား၊အိမ်များလား၊ ယုံကြည်ခြင်းလား။

၂။ “ယုံကြည်သောအားဖြင့် ကျေးဇူးတင်ကြောင့်ကယ်တင်ခြင်းသို့ ရောက်ရ၏။ ကိုယ်အလိုအလျောက်ရောက်သည်မဟုတ်။ ဘုရားသခင် သနားတော်မူရာဖြစ်သတည်း”(ဧဖက် ၂း၈) ဟုသမ္မာကျမ်းစာထဲတွင် ဖော်ပြထားပါသည်။ ယုံကြည်ခြင်းသည် ဆုကျေးဇူးတစ်ခုဖြစ်သည်။ ရှင်ယောဟန်ကိုမည်သူက ယုံကြည်ခြင်းပေးသနည်း။(သန့်ရှင်းသောဝိညာဉ်တော်ဖြစ်သည်။)

၃။ ယုံကြည်ခြင်းရရှိရန် ရှင်ယောဟန်သည် အဖိုးအခပေးဆပ်ရန်လိုအပ်သလား။ (အဖိုးအခတစ်ခုမှမလိုအပ်ပေ။)

၄။ မည်သူကပေးဆပ်ခဲ့သနည်း။ (သခင်ယေရှုခရစ်တော်ကပေးဆပ်ပေးခဲ့သည်)



Copyright © Gratia Dei Sola Media

# မေးခွန်း (၂၇)ယုံကြည်ခြင်းဆိုသည်မှာ အဘယ်နည်း။
## အဖြေ၊ ။ ခရစ်တော်ကို ယုံကြည်ခြင်းဖြစ်သည်။

**ထပ်မံဖြည့်စွက်သော မေးခွန်းများ**

၁။ သန့်ရှင်းသော ဝိညာဉ်တော်လုပ်ဆောင်သောအရာကို သင်မှတ်မိသေးသလား။ (သူသည် ယုံကြည်ခြင်းကိုပေးသည်။)

၂။ ယုံကြည်ခြင်းဆိုသည်မှာ အဘယ်နည်း။ (ယုံကြည်ခြင်းသည် ခရစ်တော်ကို ယုံကြည်ခြင်းဖြစ်သည်။)

၃။ ခရစ်တော်ကို ယုံကြည်သည်ဆိုသည်မှာ မည်သည့်အရာကိုဆိုလိုသနည်း။ (သူသည် ဘုရားသခင်၏သားတော်ဖြစ်သည်ကို၎င်း၊ ကျွန်ုပ်သည်ဘုရားသခင်၏ သားဖြစ်နိုင်ရန် ကျွန်ုပ်အပြစ်အတွက်အသေခံခဲ့သည်ကို၎င်း ယုံကြည်ခြင်းဖြစ်သည်။)

၄။ လူတိုင်းမှာယုံကြည်ခြင်းရှိသလား။ (မရှိပါ။ခရစ်ယာန်မဟုတ်သောသူများသည် ယုံကြည်ခြင်းမရှိကြပေ။)

၅။ သင်ယုံကြည်ခြင်းရှိသလား။သင်ခရစ်တော်ကိုယုံကြည်သလား။

# မေးခွန်း (၂၈) ကျွန်ုပ်တို့သည်ခရစ်တော်ကို အမှန်တကယ် ယုံကြည်ကြောင်းမည်သို့သိခဲ့ပါသနည်း။
## အဖြေ။ ။ ကောင်းသောအလုပ်ကို လုပ်ဆောင်စေခဲ့သည်။

**ထပ်မံဖြည့်စွက်သော မေးခွန်းများ**

၁။ ခရစ်ယာန်များဖြစ်ကြသည်ဟု ပြောသောသူ ကမ္ဘာမှာမည်မျှရှိခဲ့ပါသနည်း။ တစ်ဆယ်လား။ တစ်ရာလား။ တစ်ထောင်လား။ (မြောက်များစွာ)

၂။ ခရစ်ယန်တိုင်းသည် ခရစ်တော်ကို အမှန်တကယ် ယုံကြည်သောသူများ ဖြစ်သည်ဟု သင်ထင်မြင်ခဲ့ပါသလား။ (မထင်မြင်နိုင်ပါ၊ ယုဒရှကာရုတ်နှင့် ရှိမုန်မာဂုတ်တို့သည် ခရစ်ယာန်ဖြစ်ခဲ့ကြပါသည်။ သို့သော်သူတို့သည် ခရစ်တော်ကို အမှန်တကယ် မယုံကြည်ကြပါ။)

၃။ ယနေ့စစ်မှန်သောယုံကြည်သူမဟုတ်သောသူများစွာရှိသလား။ (ရှိပါသည်။ လူများစွာတို့သည် ဘုရားသခင်ကို သခင်ဟုခေါ်ကြသော်လည်းနောက်ဆုံး သောနေ့ရောက်သောအခါ သူတို့ကိုငြင်းပယ်မည်ဟု ဘုရားသခင်မိန့်တော်မူ သည်။)

၄။ စစ်မှန်သောယုံကြည်သူများသေဆုံးသောအခါ မည်သည့်နေရာသို့ သွားရောက် ကြမည်နည်း။ မယုံကြည်သောသူများသေသောအခါ မည်သည့်နေရာသို့ သွားရမည်ကို သင်သိပါသလား။

၅။ သင်သည်ခရစ်တော်ကိုအမှန်တကယ်ယုံကြည်ကြောင်း မည်သို့သိခဲ့ပါသနည်း။

၆။ ကောင်းသောလုပ်ငန်းသည်မည်သည့်အရာဖြစ်သနည်း။ (ဘုရားသခင်၏ အမိန့်တော်နာခံခြင်း၊ သူတပါးကို ကူညီတက်ခြင်း ဖြစ်သည်။)

၇။ သင်ခရစ်တော်ကို ယုံကြည်ခဲ့ပါသလား။



Copyright © Gratia Dei Sola Media

## မေးခွန်း(၂၉)ခရစ်တော်၏ လူတွေသည် မည်သူတွေဖြစ်ကြသနည်း။
## အဖြေ။ ။ အသင်းတော်ယုံကြည်သူများဖြစ်ကြသည်။

### ထပ်မံဖြည့်စွက်သော မေးခွန်းများ

(ဤသင်ခန်းစာ အမေးအဖြေထဲမှာ မြင်နိုင်သော အသင်းတော်အကြောင်းနှင့် ပတ်သက်သောအချက်များကိုသာဖော်ပြထားပါသည်။ မမြင်နိုင်သော အသင်းတော်ခံယူချက်ကို ကလေးသူငယ်များအတွက် နားလည်ရန် အလွန်ခက်ခဲမည်ဖြစ်သည်။)

၁။ ခရစ်တော်ကို ယုံကြည်သောသူများကို မည်သို့ခေါ်သနည်း။ (ခရစ်ယာန်)

၂။ ကမ္ဘာတခွင်လုံးမှာရှိသော လူသားအားလုံး ခရစ်ယာန်တွေဖြစ်ကြပါသလား။

၃။ ခရစ်ယာန်ကိုသင်မည်သည့်နေရာမှာမြင်တွေ့နိုင်မည်နည်း။(အသင်းတော်ထဲမှာ)

၄။ အသင်းတော်တိုင်းသည် ဘုရားသခင်၏ လူများဖြစ်ကြပါသလား။ (မဖြစ်ကြပါ၊ မှန်သောအသင်းတော်နှင့် မမှန်သောအသင်းတော်များရှိသည်။)

၅။ ဘုရားသခင်၏ လူတွေရှာ၍ မတွေ့နိုင်သောနေရာသည်မည်သည့်အသင်းတော်များဖြစ်သနည်း။ (ရောမကာသိုလစ် အသင်းတော်၊ မော်မွန်အသင်းတော်တို့ဖြစ်ကြသည်။)



## မေးခွန်း (၃၀)အသင်းတော်အပေါ် မည်သည့်အရာများကို ခရစ်တော်ကပေးခဲ့သနည်း။
## အဖြေ။ ။ နှစ်ခြင်းမင်္ဂလာနှင့် ပွဲတော်မင်္ဂလာ ဖြစ်သည်။

### ထပ်မံဖြည့်စွက်သောမေးခွန်းများ

၁။ သင်နှစ်ခြင်းခံယူခဲ့ပါသလား။ နှစ်ခြင်းမင်္ဂလာအကြောင်းကို သင်ရှင်းပြနိုင်မလား။

၂။ ကလေးသူငယ်များနှင့်လူကြီးများနှစ်ခြင်းမင်္ဂလာခံယူခြင်းကို သင်မြင်ခဲ့ပါသလား။

၃။ ပွဲတော်မင်္ဂလာအကြောင်းကိုသင်သိရှိသလား။ပွဲတော်မင်္ဂလာအကြောင်းကို သင်ရှင်းပြနိုင်မလား။

၄။ ပွဲတော်မင်္ဂလာမှာ မုန့်နှင့် စပျစ်ရည်ကို သင်သုံးဆောင်ခဲ့ကြပါသလား။

၅။ စပျစ်ရည်နှင့် မုန့်သုံးဆောင်ခြင်းကို သင်နှစ်သက်ခဲ့ပါသလား။



Copyright © Gratia Dei Sola Media

## မေးခွန်း(၃၁)ဗတ္တိဇံခံခြင်းသည်မည်သည့်အရာကိုပြသသနည်း။
## အဖြေ။ ။ကျွန်ုပ်တို့သည်ခရစ်တော်၏လူများဖြစ်ကြခြင်းကို ထင်ရှားစေသည်။

---

### ထပ်မံဖြည့်စွက်သော မေးခွန်းများ

၁။ ရှေ့၌ ဗတ္တိဇံခံခြင်းသည် မည်သည့်အရာကို ကိုးစားပြုသည်ကိုသင်သိပါသလား။ (ခရစ်တော်၏ ဝိညာဉ်နှင့် ခရစ်တော်၏အသွေးတော်ကိုကိုယ်စားပြုသည်။)

၂။ ကမ္ဘာမှာရှိသော လူတိုင်းကို အသွေးတော်အားဖြင့် ဆေးကြောခဲ့ပါသလား။ (မဆေးကြောပါ။)

၃။ မည်သူတွေကို ခရစ်တော်၏ အသွေးတော်ကဆေးကြောခဲ့ပါသနည်း။ (ဘုရားသခင်၏လူများကို ခရစ်တော်၏အသွေးတော်ကဆေးကြောခဲ့သည်)

၄။ ခရစ်တော်၏ ဝိညာဉ်သည် ကမ္ဘာလူသားတိုင်းအပေါ် ရှိခဲ့ပါသလား။(မရှိပါ။)

၅။ ခရစ်တော်၏ ဝိညာဉ်သည် မည်သူတွေအပေါ် ရှိခဲ့ပါသနည်း။ (ဘုရားသခင်၏လူများအပေါ်ရှိခဲ့သည်။)

၆။ ဗတ္တိဇံ ခံခြင်းက မည်သည့်အရာကိုထင်ရှားစေသနည်း။



## မေးခွန်း (၃၂) ပွဲတော်မင်္ဂလာသည် ကျွန်ုပ်တို့အား မည်သည့်အရာကို ပြသသနည်း။
## အဖြေ။ ။ခရစ်တော်သည်ကျွန်ုပ်တို့အတွက်အသေခံခြင်းကိုပြသခဲ့သည်။

---

### ထပ်မံဖြည့်စွက်ထားသောမေးခွန်းများ

၁။ ပွဲတော်မင်္ဂလာကို မည်သို့သုံးဆောင်ကြသနည်း။

၂။ မုန့်သည် မည်သည့်အရာကို ကိုယ်စားပြုသနည်း။ (ခရစ်တော်၏ ကိုယ်ခန္ဓာ)

၃။ မုန့်ကိုချိုးဖဲ့ပြီး သုံးဆောင်ခြင်းက မည်သည့်အရာကို ပုံဆောင်သနည်း။ (ခရစ်တော် ကျွန်ုပ်တို့အတွက် ချိုးဖဲ့ခြင်းခံသော ခရစ်တော်၏ကိုယ်ခန္ဓာကိုပုံဆောင်သည်။)

၄။ ပွဲတော်မင်္ဂလာတွင်အသုံးပြုသောစပျစ်ရည်မည်သည့်အရောင်ဖြစ်သနည်း။

၅။ စပျစ်ရည်သည် မည်သည့်အရာကိုပုံဆောင်သနည်း။ (ခရစ်တော်၏ သွန်းလောင်းသော အသွေးတော်ကိုပုံဆောင်သည်။)

၆။ ခရစ်တော်၏ခန္ဓာကိုယ်သည် မည်သည့်အချိန်တွင်ချိုးဖဲ့ခြင်းခံကာ သူ၏အသွေးတော်သည် မည်သည့်အ ချိန်တွင်သွန်းလောင်းခဲ့သနည်း။

၇။ ပွဲတော်မင်္ဂလာသည် ကျွန်ုပ်တို့အားမည်သည့်အရာကို ပြသခဲ့သနည်း။



Copyright © Gratia Dei Sola Media

## မေးခွန်း(၃၃)အသင်းတော်၏ဦးခေါင်းသည်မည်သူဖြစ်သနည်း။

## အဖြေ၊ ။ သခင်ယေရှု ခရစ်တော်ဖြစ်သည်။

---

**ထပ်မံပြည့်စွက်ထားသော မေးခွန်းများ**

၁။ အသင်းတော်၏ ဦးခေါင်းသည် သင်းအုပ်ဆရာဖြစ်ပါသလား။

၂။ အသင်းတော်၏ ဦးခေါင်းက သင်းထောက်ဖြစ်ပါသလား။

၃။ အသင်းတော်၏ ဦးခေါင်းက အသင်းတော်လူကြီးဖြစ်ပါသလား။

၄။ အသင်းတော်၏ ဦးခေါင်းက သခင်ယေရှုခရစ်တော်ဖြစ်ပါသလား။

၅။ အသင်းတော်၏ ဦးခေါင်းက သခင်ယေရှုခရစ်တော်ဖြစ်ခဲ့လျှင် ကျွန်ုပ်တို့သည် မည်သည့်အရာကို လုပ်ဆောင်ရမည်နည်း။ (အမှုတော်ဆောင်ခြင်းနှင့် သူ၏ အမိန့်ကိုနာခံခြင်းရှိရမည်ဖြစ်သည်။)



## မေးခွန်း (၃၄)အသင်းတော်ပေါ်မှာ ခရစ်တော်ပေးထားသော လုပ်ငန်းကဏ္ဍများသည် မည်သည့်အရာဖြစ်သနည်း။

## အဖြေ။ ။သင်းအုပ်ဆရာများနှင့် အသင်းတော်လူကြီးများ တာဝန်ဖြစ်သည်။

---

**ထပ်မံပြည့်စွက်သော မေးခွန်းများ**

၁။ ကျွန်ုပ်တို့၏ အသင်းတော်မှာ သင်းထောက်လူကြီးများ မည်မျှရှိသနည်း။

၂။ သင်းအုပ်တွေက မည်သည့်အရာလုပ်ဆောင်ခဲ့သနည်း။ (အသင်းတော်အတွက် စည်းကမ်းချက်များထုတ်ပေးကာ သွန်သင်ခဲ့သည်။)

၃။ ကျွန်ုပ်တို့၏ အသင်းတော်မှာ သင်းထောက်လူကြီး မည်မျှရှိသနည်း။

၄။ သင်းထောက်တွေက မည်သည့်အရာလုပ်ဆောင်ခဲ့သနည်း။ (အသင်းတော်၏ ဘဏ္ဍာကို ကောင်းမွန်စွာစောင့်ထိန်းခြင်းအားဖြင့် ခရစ်တော်၏မေတ္တာတော်ကို ဝေမျှသည်။)



Copyright © Gratia Dei Sola Media

## မေးခွန်း(၃၅)ခရစ်တော်၏အသင်းတော်သည်ပြည့်စုံခြင်းရှိသလား။

## အဖြေ။ ။ ပြည့်စုံခြင်းမရှိပါ။

---

**ထပ်မံဖြည့်စွက်ထားသော မေးခွန်းများ**

၁။ “ပြည့်စုံခြင်း”ဟူသည် မည်သည့်အရာဖြစ်သည်ကိုသင်သိရှိပါသလား။

၂။ သင်ပြည့်စုံခြင်းရှိသလား။

၃။ သင်သည်ပြည့်စုံခြင်းမရှိဟု အဘယ်ကြောင့်ပြောနိုင်သနည်း။

၄။ ယနေ့ခရစ်တော်၏အသင်းတော်သည် ပြည့်စုံခြင်းရှိသလား။

၅။ အသင်းတော်ပြည့်စုံခြင်းမရှိဟု ကျွန်ုပ်တို့မည်ကဲ့သို့ သိရှိနိုင်သနည်း။

၆။ ပြည့်စုံသောအသင်းတော်သည် မည်သည့်အရာနှင့်တူသည်ကို သင်သိရှိသလား။

၇။ တစ်နေ့သောအခါ ကျွန်ုပ်တို့သည် ပြည့်စုံခြင်းရှိကြမလား။ (သမ္မာကျမ်းစာက ပြည့်စုံခြင်းရှိမည်ဟုသွန်သင်ထားပါသည်။)



## မေးခွန်း(၃၆) အသင်းတော်သည်မည်သည့်အချိန်မှာ ပြည့်စုံမည်နည်း။

## အဖြေ။ ။ ရှင်ပြန်ထမြောက်သည့်ချိန်မှာပြည့်စုံမည်။

---

**ထပ်မံဖြည့်စွက်ထားသော မေးခွန်းများ**

၁။ သင်္ချိုင်းသို့သင်ရောက်ခဲ့ဘူးသလား။

၂။ သင်္ချိုင်းဂူထဲမှာ မည်သူတွေ့ မြှုပ်နှံထားသည်ကို သင်သိသလား။

၃။ သူ၏ ခန္ဓာကိုယ်သည် မည်သို့ဖြစ်သွားသည်ကိုသင်သိသလား။ (မြေမှုန့်(သို့) မြေဆီလွှာဖြစ်သွားပါသည်။)

၄။ သေသောသူများ မည်သည့်အချိန်တွင် ပြန်လည်ထမြောက်မည်ကို သင်သိသလား။

၅။ ထိုနေ့ရက်သည် ရှင်ပြန်ထမြောက်သောနေ့ဖြစ်သည်။ “ရှင်ပြန်ထမြောက်သောနေ့”ဟုသင်ပြောနိုင်သလား။

၆။ ရှင်ပြန်ထမြောက်တော်မူခြင်းဟူသည် အဘယ်နည်း။ (လူတိုင်းတစ်နေ့သေကြသောအခါ ပြန်လည်အသက်ရှင်ပြီး ရှင်ပြန်ထမြောက်တော်မူလိမ့်မည်ကိုဆိုလိုသည်။)

၇။ ထိုနေ့တွင် အသက်ရှင်သေးသောသူများသည်ကိုယ်ခန္ဓာပြောင်းလဲသွားမည်ဖြစ်သည်။ သို့သော်သေသောသူများသည် အသစ်ကိုယ်ခန္ဓာအားဖြင့် ပြန်လည်ထမြောက်မည်ဖြစ်သည်။

၈။ ရှင်ပြန်ထမြောက်သည့်နေ့သည် အပျော်ဆုံးသောနေ့ဟု သင်စဉ်းစားခဲ့ပါသလား။ (ခရစ်ယာန်များအတွက်သာ ပျော်ရွှင်သောနေ့ဖြစ်သည်။)



Copyright © Gratia Dei Sola Media

## မေးခွန်း(၃၇)ရှင်ပြန်ထမြောက်သောအခါဘာတွေဖြစ်ပျက်ခဲ့မည်နည်း။
## အဖြေ။ ။ခရစ်တော်သည်လူတိုင်းကိုတရားစီရင်မည်ဖြစ်သည်။

**ထပ်မံဖြည့်စွက်သောမေးခွန်းများ**

၁။ ရှင်ပြန်ထမြောက်ခြင်းသည် မည်သည့်အရာဖြစ်သည်ကို သင်မှတ်မိပါသလား။ (သေခြင်းမှ ရှင်ပြန်ထမြောက်တော်မူခြင်းဖြစ်သည်။)

၂။ ရှင်ပြထမြောက်နေ့သည် အပျော်ဆုံးသောနေ့တစ်နေ့ဖြစ်လိမ့်မည်လား။ (ခရစ်ယာန်များအတွက် အပျော်ဆုံးနေ့ရက်ဖြစ်လိမ့်မည်။ သို့သော် ခရစ်ယာန်မဟုတ်သောလူတွေအတွက် အလွန်ဝမ်းနည်းသည့်နေ့ဖြစ်မည်။)

၃။ ခရစ်ယာန်များအဘယ်ကြောင့်ပျော်ရွှင်ကြမည်ကိုငှင်း၊ ခရစ်ယာန်မဟုတ်သောသူများအဘယ့်ကြောင့်ဝမ်းနည်းကြမည်ကိုငှင်း သင်သိသလား။(အကြောင်းမှာ လူတိုင်းကိုခရစ်တော်ကိုယ်တိုင်က တရားစီရင်မည်ဖြစ်သောကြောင့်ဖြစ်သည်)

၄။ ခရစ်တော်သည် လူတိုင်းကိုတရားစီရင်မည်ဟု ပြောဆိုသောအခါ မည်သည့်အရာကိုဆိုလိုသနည်း။(ကျွန်ုပ်တို့ဆရာသမားများသည် ကျွန်ုပ်တို့မှတ်စရင်းမှတ်ထားသည့်နည်းတူ ခရစ်တော်သည်လူသားအားလုံး၏လုပ်ဆောင်မှုများကိုမှတ်မည်ဖြစ်သည်။)

၅။ ခရစ်တော်သည် လူတွေကို အုပ်စုနှစ်ခု ခွဲထားလိမ့်မည်။ လက်ယာဖက်၌ သိုးများနှင့် လက်ဝဲဘက်၌ ဆိတ်များဟူ၍ သီသန့်ခွဲခြားမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ဖြောင့်မတ်သောသူများဖြစ်ကြပေမည်။သင်သည် လက်ယာဘက်တွင် ရှိမည်လော။ လက်ဝဲဘက်တွင်ရှိမည်လော။

၆။ ခရစ်တော်ကိုယုံကြည်သောသူများသည် သိုးများဖြစ်ကြသည်။ ခရစ်တော်တရားစီရင်မည့်သူများသည် ဆိတ်များဖြစ်ကြသည်။ ဆိတ်တွေကို ခရစ်တော်ကိုယ်တိုင်တရားစီရင်မည်ဖြစ်သည်။ သင်သည် သိုးဖြစ်ပါသလော (သို့) ဆိတ်ဖြစ်ပါသလော။



## မေးခွန်း (၃၈)ခရစ်တော်ကယ်တင်သူများအပေါ် ဘာဖြစ်ပျက်မည်နည်း။
## အဖြေ။ ။ကောင်းကင်ဘုံတွင် ခရစ်တော်နှင့်အတူ ထာဝရစိုးစံသွားမည်ဖြစ်သည်။

**ထပ်မံဖြည့်စွက်ထားသောမေးခွန်းများ**

၁။ ရှင်ပြန်ထမြောက်သည့်နေ့တွင်ခရစ်တော်သည် ဆိတ်များနှင့်သိုးများခွဲခြားမည်ကို သင်မှတ်မိသေးသလား။

၂။ ဆိတ်တွေဟာ မည်သူတွေဖြစ်သနည်း။(ခရစ်တော်တရားစီရင်သောသူများဖြစ်သည်။)

၃။ သိုးတွေဟာ မည်သူတွေဖြစ်သနည်း။ (သူတို့သည် ခရစ်တော်ကိုယ်တိုင်ကယ်တင်သူများကြသည်။)

၄။ သင်သည် ဆိတ်ဖြစ်သလား။သိုးဖြစ်သလား။

၅။ ခရစ်တော် ကယ်တင်သူများအပေါ် မည်သည့်အရာဖြစ်ပျက်လိမ့်မည်နည်း။ (ခရစ်တော် သည် ကောင်းကင်ဘုံသို့ ချီဆောင်သွား၍ သူတို့သည် ခရစ်တော်နှင့်အတူကောင်းကင်ဘုံတွင် ထာဝရစိုးစံသွားမည်ဖြစ်သည်။)

၆။ ကောင်းကင်နိုင်ငံတော်သည် မည်သည့်အရာနှင့်တူသည်ကို သင်သိပါသလား။

၇။ ကောင်းကင်သို့ သင်သွားရောက်လိုပါသလား။



Copyright © Gratia Dei Sola Media

## မေးခွန်း (၃၉)ခရစ်တော်တရားစီရင်သောသူများအပေါ် မည်သည့်အရာဖြစ်ပျက်လိမ့်မည်နည်း။

**အဖြေ။ ။ သူတို့သည် ငရဲမီးအိုင်ထဲတွင် ထာဝရ သွားရကြမည်ဖြစ်သည်။**

---

### ထပ်မံဖြည့်စွက်သောမေးခွန်းများ

၁။ ရှင်ပြန်ထမြောက်သောအခါ သေသောသူများအားလုံးအပါခန္ဓာကိုပြန်ပေးမည်ကို သင်မှတ်မိသေးသလား။

၂။ ခရစ်ယာန်များသည် နာကျင်ခြင်းဝေသနာမရှိသောခန္ဓာကိုယ်ဖြင့် ကောင်းကင်နိုင်ငံသို့သွားရောက်ကြမည်ဖြစ်သည်။ထိုသို့သောခန္ဓာကိုယ်ကိုသင်ကြိုက်သလား။

၃။ ခရစ်ယာန်မဟုတ်သောသူများအပေါ် ဘာဖြစ်ပျက်မည်နည်း။ သူတို့သည် မည်ကဲ့သို့သော ကိုယ်ခန္ဓာပိုင်ဆိုင်ကြမည်ကို သင်သိပါသလား။ (သူတို့ သည် များစွာသော ဝမ်းနည်းခြင်းနှင့် ဝေဒနာခံစားခြင်းကိုယ်ခန္ဓာကို ပိုင်ဆိုင်ကြမည်ဖြစ်သည်။)

၄။ သူတို့၏ ကိုယ်ခန္ဓာသည် ငရဲမီးအိုင်ထဲသို့ ပစ်ချခြင်းခံရကြမည်ဖြစ်သည်။။ အဘယ်ကြောင့်ပစ်ချခြင်းခံကြမည်ကိုသင်သိသလား။(အကြောင်းမှာ သူတို့သည် သူတို့၏စိတ်နှင့်ကိုယ်ဖြင့် ဘုရားသခင်ကိုဆန့်ကျင်ခဲ့ကြသောကြောင့်ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်သည် သူတို့၏ ကိုယ်ခန္ဓာနှင့် ဝိညာဉ်ကို ငရဲထဲသို့ပစ်ချခြင်းဖြစ်သည်။)

၅။ ငရဲမီးအိုင်သည် ဘာနှင့် တူညီသည်ကို သင်သိသလား။

၆။ ငရဲမီးအိုင်ထဲတွင်ရှိသောသူများသည် ပျော်ရွှင်ကြမည်ကို သင်ထင်သလား။

၇။ သင်ငရဲမီးအိုင်ထဲသို့ သွားလိုပါသလား။ မသွားလိုလျှင် မည်သည့်အရာကို သင်လုပ်ဆောင်ရမည်နည်း။



## မေးခွန်း (၄၀) ဘုရားသခင်၏ နည်းဥပဒေကိုမည်သည့်နေရာတွင် တွေ့ရှိနိုင်သနည်း။

**အဖြေ။ ။ပညတ်တော် (၁၀) ပါးထဲတွင် တွေ့ရှိနိုင်သည်။**

---

### ထပ်မံဖြည့်စွက်ထားသောမေးခွန်းများ

၁။ သင်ဖေဖေမေမေတို့သည် သင်လိုက်နာဖို့ရန်စည်းမျဉ်းစည်းကမ်းများချပေးထားသလား။

၂။ ဘုရားသခင်သည် ကျွန်ုပ်တို့အတွက် ဥပဒေထားပေးခဲ့သည်။ ထိုဥပဒေများကို မည်သို့လိုခေါ်သည်ကို သင်သိသလား။(ဥပဒေ(သို့)ပညတ်တော်ဟုခေါ်သည်)

၃။ ဘုရားသခင်၏ ဥပဒေသည် ပညတ်တော်ဆယ်ပါးဖြစ်သည်။ သမ္မာကျမ်းစာထဲတွင် ပညတ်တော်ဆယ်ပါးကို မည်သည့်နေရာတွင်တွေ့ရှိနိုင်သည်ကိုသင်သိသလား။ (ထွက် – ၂၀ ထဲတွင် တွေ့ရှိနိုင်ပါသည်။)

၄။ ကျွန်ုပ်တို့အတွက် ပညတ်တော်ဆယ်ပါးသည်အလွန်အရေးကြီးသည်။ ထိုသို့အရေးကြီးပုံမှာ ရေကန်ထဲတွင်ရှိသောရေသည်ငါးများအတွက်အရေးကြီးပုံနှင့်တူသည်။ငါးတစ်ကောင်ကို ဖမ်း၍စားပွဲပေါ်မှာတင်ထားလျှင် မည်သို့ဖြစ်သွားမည်နည်း။

၅။ ဘုရားသခင်ပေးသော ပညတ်တော်ကို ကျွန်ုပ်တို့ မစောင့်ထိန်းလျှင်ငါးတစ်ကောင်ကို ရေထဲမှဆယ်ယူကာ စားပွဲပေါ်တွင်တင်ထားခြင်းနှင့်တူပေမည်။



Copyright © Gratia Dei Sola Media

## မေးခွန်း (၄၁) ပညတ်တော် ၁၀ ပါးက ကျွန်ုပ်တို့ကိုမည်သည့်အရာကို သွန်သင်ခဲ့သနည်း။
## အဖြေ။ ။ ဘုရားသခင်ကို ချစ်ဖို့ရန်နှင့် သူတစ်ပါးကို ချစ်ရန်သွန်သင်ထားပါသည်။

---

**ထပ်မံဖြည့်စွက်ထားသောမေးခွန်းများ**

၁။ သင့်ဖေဖေကို သင်ချစ်သလား။

၂။ သင့်ဖေဖေကို စိတ်ဆိုးအောင်မည်သို့ပြုမည်ကို သင်သိပါသလား။ (သူပြောသောစကားကိုငြင်းပယ်လျှင်၄င်း၊ ညီအစ်ကိုများ(သို့)အခြားသောသူများနှင့် စကားများလျှင်၄င်း သူသည် စိတ်ဆိုးမည်ဖြစ်သည်။)

၃။ သင်သည်သင့်ဖေဖေကိုချစ်ကြောင်းမည်သို့ပြရမည်နည်း။ (သင်သည် သူပြောသောစကားများနားထောင်ကာ သင့်ညီအစ်ကိုမောင်နှမများကိုချစ်ရမည်ဖြစ်သည်။ သင့်ကလေးများက "ဘက်ယမ်းခြင်း"အားဖြင့်ဟုဖြေနိုင်သည်။သို့သော် သင်သည်ဆိုးလျှင်သင့်ဖေဖေကသင့်ကိုဖက်ယမ်းမည်မဟုတ်ကြောင်းပြောပြပါ။

၄။ ဘုရားသခင်ကိုချစ်ကြောင်းသင်မည်သို့ပြသရမည်နည်း။(သူ၏ ပညတ်တော်များကို စောင့်ထိန်းခြင်းအားဖြင့်ပြသရမည်ဖြစ်သည်။)

၅။ တခြားသောသူများကို ချစ်ကြောင်းသင်မည်သို့ပြသရမည်နည်း။ (ဘုရားသခင်၏ ပညတ်တော်များကို စောင့်ထိန်းခြင်းအားဖြင့်ပြသရမည်ဖြစ်သည်။)

၆။ ဓမ္မသစ်ကျမ်းထဲမှာ ပညတ်တော်မည်မျှဖော်ပြထားသနည်း။(ပညတ်တော် ဆယ်ပါးဖော်ပြထားပါသည်။)

၇။ ဘုရားသခင်ကို ဘယ်လိုချစ်ရမည်ကို သင်ကြားပေးသော ပညတ်တော် မည်မျှရှိသနည်း။ (လေးခုရှိသည်။)
အခြားသော အရာများချစ်ဖို့ရန် သွန်သင်ချက်များကို မည်မျှရှိသနည်း။ (ခြောက်ခုရှိသည်။)



## မေးခွန်း (၄၂) ပထမ ပညတ်တော်သည်အဘယ်နည်း။
## အဖြေ။ ။ငါမှတပါး အခြားသောဘုရားကို မကိုးကွယ်နှင့်။

---

**ထပ်မံဖြည့်စွက်ထားသောမေးခွန်းများ**

၁။ သင့်မှာ ဖေဖေမည်မျှရှိသနည်း။ (တစ်ဦးတည်းသာရှိသည်။) သင့်ဖေဖေထံ "ဖေဖေ့ကိုသားဖေဖေအတွက်မကြိုက်တော့ဘူး။ ..........ကိုသားဖေဖေဖြစ်စေချင်တယ်"ဟုသင်ပြောနိုင်သလား။ထိုသို့ပြောလျှင် သင့်ဖေဖေသည်ဝမ်းမြောက်ခြင်းရှိမည်လား။

၃။ ဘုရားမည်မျှရှိသနည်း။ (တစ်ပါးတည်းသာရှိသည်။)

၄။ ကျောက်တုံးနှင့် သစ်တုံးရုပ်တုဆင်းတုဖန်ဆင်းသောဘုရားများသည်မည်သို့သောဘုရားများဖြစ်ကြသနည်း။(သူတို့သည် ဘုရားအတုအယောင်များဖြစ်ကြသည်။)

၅။ မှားယွင်းသော ဘုရားထံ ဆုတောင်းသင့်သလား။ မှားယွင်းသော ဘုရား၏ အမိန့်ကိုနာခံဖို့ရန် လိုအပ်သလား။ (မလိုအပ်ပါ။ သူတို့သည် မကြားနိုင်ကြပါ။ သူတို့သည်သေ၍တန်ခိုးမရှိသောဘုရားများဖြစ်ကြသည်။)

၆။ မမှန်ကန်သောဘုရားများထံ ဆုတောင်းခဲ့လျှင် ဘုရားသခင်ဝမ်းသာလိမ့်မည်ဟု သင်ယုံကြည်ခဲ့ပါသလား။



Copyright © Gratia Dei Sola Media

## မေးခွန်း(၄၃) ဒုတိယမြောက် ပညတ်တော်သည်အဘယ်နည်း။
## အဖြေ။ ။ရုပ်တုဆင်းတုကိုကိုယ့်အဖို့မလုပ်နှင့်ဦးချဝတ်မပြုနှင့်။

### ထပ်မံဖြည့်စွက်ထားသောမေးခွန်းများ

(ဒုတိယမြောက်ပညတ်တော်သည်ဝတ်ပြုကိုးကွယ်ခြင်းအကြောင်းဖြစ်သည်။ ဘုရားသခင်တစ်ပါးတည်းသာကိုးကွယ်ရမည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ကိုဝတ်ပြုကိုးကွယ်ရာတွင် ရုပ်တုများအသုံးမပြုအပ်ပေ။)

၁။ ရုပ်တုဟူသည်မည်သည့်အရာဖြစ်သည်ကို သင်သိပါသလား။ (လူတစ်စုံတစ်ဦး၏ရုပ်ပုံကို ကလေးငယ်များအားပြသနိုင်ပါသည်။)

၂။ ဘုရား၏ပုံရိပ်ကို သင်ပြုလုပ်နိုင်ပါသလား။ ဘုရားကိုပုံတူအဖြစ် သင်ပြုလုပ်နိုင်ပါသလား။ (ကလေးငယ်များသည်ဘုရားရုပ်တုပုံများကိုမြင်တွေ့ခဲ့ဘူးလျှင် “မြင်ဘူး”သည်ဟုဖြေကြားနိုင်ပါသည်။ထိုသို့ဖြေလျှင်ချက်ခြင်းပြောပြခြင်းသည် အရေးကြီးသည်။)

၃။ ဘုရားသခင်သည်မည်သူနှင့်တူသည်ကို မည်သူကမှမသိပါ။ အဘယ်ကြောင့် မသိသည်ကို သင်သိသလား။ သင်သည်ဘုရားသခင်ကိုမမြင်နိုင်၊ဓါတ်ပုံလည်းမရိုက်နိုင်သည်ကို သင်သိသလား။(အကြောင်းမှာ သူနံဝိညာဉ်ဖြစ်သောကြောင့် ကျွန်ုပ်တို့ကဲ့သို့ရုပ်ခန္ဓာမရှိပေ။)

၄။ ဘုရားသခင်သည်မည်သူနှင့်တူကြောင်းကိုမသိသောကြောင့် ဘုရားသခင်၏ပုံသဏ္ဌာန်တော်ကို ကျွန်ုပ်တို့ဖန်ဆင်းသင့်သလား။

၅။ ဘုရားသခင်သည်သူ၏ပုံသဏ္ဌာန်တော်နှင့်တူအောင်ဖန်ဆင်းသောသူများ အပေါ်အလွန်စိတ်ဆိုးသည်။ ထိုကြောင့် ဒုတိယမြောက်ပညတ်တော်က ထိုသို့သွန်သင်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည်ဘုရားသခင်၏ပုံကိုရေးဆွဲသင့်သလား။

၆။ ဘုရားကျောင်းထဲတွင် သခင်ယေရှု၏ပုံများ(သို့)ရုပ်တုများထားရှိသင့်သည်ကို သင်စဉ်းစားသလား။



## မေးခွန်း (၄၄)တတိယမြောက်ပညတ်တော်သည်အဘယ်နည်း။
## အဖြေ။ ။ဘုရားသခင်၏ အမည်နာမတော်ကို မုသာနှင့် ဆိုင်၍မမြွက်ဆိုနှင့်။

### ထပ်မံဖြည့်စွက်ထားသောမေးခွန်းများ

(“ဘုရားသခင်၏ နာမတော်”တွင်ဘုရားသခင်ဖွင့်ပြထားသောအရာအားလုံးပါဝင်သည်။သို့သော်ယခုချိန်တွင် လိုအပ်သောအရာများကိုသာတင်ပြသွားမည်ဖြစ်သည်။)

၁။ သင်၏နာမည်သည် မည်သူဖြစ်သနည်း။ သင့်ဖခင်နာမည်ကိုသင်သိသလား။ သင့်နာမည်ကို သင့်ဖခင်နာမည်ကဲ့သို့မှည့်ခြင်းဖြစ်သည်။

၂။ သင်၏နာမည်အမှန်ကို မနှစ်သက်ဘူးဟုပြောဆိုလျှင် သင်၏ဖခင်ပျော်ရွှင်လိမ့်မည်လား။

၃။ ဘုရာသခင်၏ အမည်နာမများကို သင်သိသလား။ (ယေဟောဝါဘုရား၊ ယေရှုဘုရား၊ ခရစ်တော်ဘုရားဖြစ်သည်။)

၄။ သင်သည် ဘုရားသခင်၏နာမတော်နောက်လိုက်မှည့်ခေါ်သည်ကို သင်သိသလား။ သင်သည်ခရစ်ယာန်တစ်ဦးဖြစ်သလား။ (သင့်ကလေးငယ်က “ဟုတ်ကဲ့”ဟုဖြေနိုင်သည်။)သင့်နာမည်ကို ခရစ်တော်၏နာမည်နောက် လိုက်မှည့်ခေါ်ထားခြင်းဖြစ်သည်။

၅။ ခရစ်တော်၏ အမည်နာမကို အမှီပြုပြီး မယုံကြည်သောသူများ၏ အပြုအမူကိုနှစ်သက်လျှင် သခင်ယေရှုခရစ်တော်ပျော်ရွှင်လိမ့်မည်ဟု သင်ယူဆပါသလား။



Copyright © Gratia Dei Sola Media

## မေးခွန်း (၄၅) စတုတ္ထပြောက်ပညတ်တော်သည်အဘယ်နည်း။

## အဖြေ။ ။ ဥပုသ်နေ့ကို သန့်ရှင်းစေခြင်းငှာ ထိုနေ့ရက်ကို အောက်မေ့လော့။

**ထပ်မံဖြည့်စွက်ထားသောမေးခွန်းများ**

၁။ တစ်ပတ်မှာ ရက်ပေါင်းမည်မျှရှိသနည်း။

၂။ မည်သည့်နေ့ရက်သည်ခရစ်ယာန်၏ဥပုသ်နေ့ဖြစ်သနည်း။ (တနင်္ဂနွေ နေ့ဖြစ်သည်။)

၃။ ဥပုသ်နေ့၏အခြားနာမည်ကိုသင်သိသလား။ (ဘုရားသခင်၏နေ့ရက်ဖြစ်သည်)

၄။ ဘာကြောင့်ဥပုသ်နေ့ကို ဘုရားသခင်၏ နေ့ဟု ခေါ်သနည်း။ (အကြောင်းမှာ ဘုရားသခင်သည် ထိုနေ့၌ ငြိမ်ဝပ်စွာနေခဲ့သည်။)

၅။ ဥပုသ်နေ့တွင် မည်သည့်အရာကိုလုပ်ဆောင်ရမည်နည်း။ ဥပုသ်နေ့တွင် မည်သည့်အရာကိုမလုပ်ဆောင်ရမည်နည်း။



## မေးခွန်း (၄၆) ပဉ္စမပြောက် ပညတ်တော်သည်အဘယ်နည်း။

## အဖြေ။ ။ သင့်မိဘကို ရိုသေစွာပြုလော့။

**ထပ်မံဖြည့်စွက်ထားသောမေးခွန်းများ**

၁။ သင်၏ ဖခင်သည် မည်သူနည်း။ သင်၏ မိခင်သည် မည်သူနည်း။ သူတို့သည် သင့်ကို ချစ်သလား။

၂။ ပဉ္စမပြောက် ပညတ်တော်၏ သွန်သင်ချက်မှာ သင်၏မိဘကို ရိုသေစွာပြုလော့ ဖြစ်သည်။ “ရိုသေစွာ”ဆိုသည့် အဓိပ္ပါယ်ကို သင်သိသလား။ (အရိုအသေပြုခြင်း၊ ချစ်ခြင်းနှင့် နာခံခြင်းကို ဆိုလိုသည်။)

၃။ သင်၏ ဖခင်ကို မည်သို့ ရိုသေရမည်နည်း။ (သူ့ကိုချစ်ခြင်းနှင့် နာခံခြင်း အားဖြင့် ရိုသေရမည်။)

၄။ သင့်ဖခင်သည် သင့်ကိုအလုပ်တစ်ခုခိုင်းသောအခါ သင်လုပ်ဆောင်လျှင် ၎င်းသည် ဖခင်ကိုရိုသေခြင်းဖြစ်သလား။

၅။ သင်မိခင် မီးဖိုဆောင်မှ ခေါ်သောအခါ သင်မကြားယောင်ဆောင်ပြီး နေလျှင် သင်သည် သင့်မိခင်ကိုရိုသေခြင်းဖြစ်သလား။

၆။ သင့်မိဘတွေ ရိုသေစွာပြုနိုင်သောအရာတစ်ခုကို သင်ပြောပြနိုင်မည်လား။



Copyright © Gratia Dei Sola Media

## မေးခွန်း (၄၇) ဆဋ္ဌမမြောက်ပညတ်တော်သည်အဘယ်နည်း။

## အဖြေ။ ။ လူအသက်ကို မသတ်နှင့်။

**ထပ်မံဖြည့်စွက်ထားသောမေးခွန်းများ**

၁။ သင်ပုရွက်ဆိတ်တစ်ကောင်ကို သတ်ခဲ့ပါသလား။သင်သည်ပုရွက်ဆိတ်တစ်ကောင်ကိုသတ်သောအခါ မည်သည့်အရာဖြစ်ပျက်သနည်း။

၂။ ဘုရားသခင်သည် ပိုးမွှားများနှင့် ပုရွက်ဆိတ်မသတ်ရန် မပြောဆိုခဲ့ပါ။ သူသည် လူ့အသက်ကို မသတ်ရန် ပြောဆိုခဲ့သည်။ လူတစ်ဦးသည်အခြားသောလူတစ်ဦးကိုသတ်ခြင်းကို မည်သို့ခေါ်သနည်း။(လူ့အသက်သတ်ခြင်းဖြစ်သည်။)

၃။ ဘုရားသခင်သည် လူအသက်ကို မသတ်ရန် သွန်သင်ထားပါသည်။

၄။ ကျွန်ုပ်တို့သည် တိုက်ခိုက်ခြင်း၊ ရန်ဖြစ်ခြင်းမပြုရန် ဘုရာသခင်သွန် သင်ခဲ့ပါသည်။ သင်၏ ညီအစ်ကိုမောင်နှမနှင့်ရန်ဖြစ်လျှင် မည်သည့်ပညတ်ကိုချိုးဖောက်ခြင်းဖြစ်သနည်း။

၅။ အသင်းတော်မှာ လူနှစ်ဦး ရန်မူခြင်းကိုမြင်တွေ့လျှင် သူတို့ထံသွား၍မည်သည့်အရာသွန်သင်ရမည်နည်း။ (လူ့အသက်ကိုမသတ်ရန် သွန်သင်ရမည်ဖြစ်သည်)

၆။ တချို့သောတစ်ဦးတစ်ယောက်နှင့် ရန်ဖြစ်လျှင် သင်မည်သည့်အရာ လုပ်ဆောင်ရမည်နည်း။(ထိုသူထံသွား၍တောင်းပန်ရန်နှင့်ဘုရားသခင်ထံအပြစ် ဝန်ချတောင်းပန်ရမည်ဖြစ်သည်။)



## မေးခွန်း (၄၈) သတ္တမမြောက်ပညတ်တော်သည်အဘယ်နည်း။

## အဖြေ။ ။ သူ့မယားကို မပြစ်မှားနှင့်။

**ထပ်မံဖြည့်စွက်ထားသောမေးခွန်းများ**

၁။ မိန်းမနှင့် ယောကျာ်းတို့သည် အိမ်ထောင်လင်မယားမဟုတ်လျှင် ကုတင်တစ်ခုပေါ်တွင် အတူတူမအိပ်သင့်ကြောင်း သတ္တမမြောက်ပညတ်တော်က သွန်သင်ထားပါသည်။

၂။ သင့်ဖခင်သည် ယောကျာ်းဖြစ်သလား။ မိန်းမဖြစ်သလား။ သင့်မိခင်သည် ယောကျာ်းဖြစ်သလား။ မိန်းမဖြစ်သလား။

၃။ သင့်မိခင်နှင့် ဖခင်တို့သည် ကုတင်တစ်ခုပေါ်တွင် အတူတူအိပ်ကြသလား။ အဘယ်ကြောင့်အိပ်ကြသနည်း။ (သူတို့သည် အိမ်ထောင်ပြုလင်မယားများဖြစ်ကြသောကြောင့်ဖြစ်သည်။

၄။ ကျွန်ုပ်တို့သည် သင့်တော်သော အဝတ်အစားများဝတ်ဆင်သင့်ကြောင်း သတ္တမမြောက်ပညတ်တော်က သွန်သင်ထားသည်။ ကျွန်ုပ်တို့သည် မည်သို့ဝတ်ဆင်ရမည်ကို သင်သိရှိသလား။



Copyright © Gratia Dei Sola Media

## မေးခွန်း(၄၉)ဆဋ္ဌမမြောက်သောပညတ်တော်သည် အဘယ်နည်း။

## အဖြေ။ ။ သူ့ဥစ္စာကို မခိုးနှင့်။

### ထပ်မံဖြည့်စွက်ထားသောမေးခွန်းများ

၁။ သူ့ဥစ္စာကို ခိုးယူခြင်းသည် ဘယ်အရာဖြစ်သည်ကိုသင်သိသလား။ (ခွင့်ပြုချက်မရဘဲ သူများပိုင်ဆိုင် သော ဥစ္စာများ ယူခြင်းဖြစ်သည်။

၂။ သူများဥစ္စာခိုးယူသောသူများကို မည်သို့ခေါ်သနည်း။ (သူခိုး၊ (သို့) ဓါးပြဟုခေါ်သည်။)

၃။ ဘုရားကျောင်းရုံးခန်းတွင် သကြားလုံးဗူးတွေ့သောအခါ ခွင့်ပြုချက်မရဘဲ သကြားလုံးတွေသင်ယူစားသင့်သလား။ သင်သည်ခွင့်ပြုချက်မရဘဲ ယူစားလျှင် မည်သည့်ပညတ်တော်ကို ချိုးဖောက်ရာရောက်မည်နည်း။

၄။ သင့်ညီလေးထံခွင့်မတောင်းဘဲ သူ့ဗီရိုကိုဖွင့်ကာ သူထားသော အရုပ်ကလေးများ သင်ယူသင့်သလား။(အကယ်၍ကလေးသူငယ်တစ်ဦးမှာ ညီလေးမရှိလျှင် အခြားဥပမာတစ်ခုကို ပြောပါ။)

၅။ သင်သည် ခွင့်ပြုချက်မရဘဲ သူများပစ္စည်းဥစ္စာကို ယူမိလျှင် ဘာလုပ်ဆောင်ရမည်နည်း။ (ခိုးယူသောဥစ္စာကို ပြန်အပ်ကာ ဘုရာသခင်ထံ အပြစ်ဝန်ချတောင်းပန်ရမည်။)



## မေးခွန်း (၅၀) နဝမမြောက်ပညတ်တော်သည် အဘယ်နည်း။

## အဖြေ။ ။ မမှန်သော သက်သေကို မခံနှင့်။

### ထပ်မံဖြည့်စွက်ထားသောမေးခွန်းများ

၁။ မမှန်သောသက်သေခံခြင်းသည် မည်သည့်အရာဖြစ်သည်ကို သင်သိသလား။ (လိမ်လည်ပြောဆိုခြင်း ဖြစ်သည်။)

၂။ သူများအပေါ်လိမ်ညာပြောဆိုသောသူများကို မည်သို့ခေါ်သနည်း။ (လူလိမ်၊ လူညာဟုခေါ်သည်။)

၃။ သင်သည် သင့်ညီလေးနှင့် ရန်ဖြစ်သည့်အခါ သင်သည် အရင်ထိုး၍ သင့်ဖခင်ကြီးထံ ပြောသောအခါ သူက အရင်ထိုးသည့်ဟု ပြောနိုင်သလား။ သင်သည် ထိုသို့ပြောသောအခါ လိမ်ညာခြင်းဖြစ်သည်မဟုတ်လော။

၄။ အုတ်နံရံပေါ်တွင် ပုံရေးဆွဲ၍ထိုပုံကို မည်သူရေးဆွဲခဲ့သနည်းဟု သင့်မိခင်က မေးသောအခါ သင်မည်သို့ဖြေသင့်သနည်း။ သင့်မိခင်က နံရံပေါ်တွင် ရုပ်ပုံများရေးဆွဲသောကြောင့် သင့်တင်ပါးကို လက်ဖဝါးဖြင့် ရိုက်သောအခါ သင်သည် ထိုရုပ်ပုံမဆွဲဘူးဟု ပြောနိုင်သလား။

၅။ သင်သည် လိမ်ညာသောစကားပြောဆိုလျှင် မည်သို့လုပ်ဆောင်ရမည်နည်း။ (အမှန်တရားပြော၍ ဘုရားသခင်ထံ အပြစ်တွေကို ဝန်ချတောင်း ပန်ရမည်ဖြစ်သည်။)



Copyright © Gratia Dei Sola Media

## မေးခွန်း (၅၁) အဋ္ဌမမြောက် ပညတ်တော်သည် အဘယ်နည်း။

## အဖြေ။ ။ သူတပါးဥစ္စာကို တပ်မက်လိုချင်သော စိတ်မရှိနှင့်။

### ထပ်မံဖြည့်စွက်ထားသောမေးခွန်းများ

၁။ သူတပါး၏ ဥစ္စာကို တပ်မက်လိုချင်သော စိတ်ရှိခြင်းသည် မည်သည့်အရာ ဖြစ်သည်ကို သင်သိသလား။ (သင့်နှလုံးသားထဲတွင် ဆိုးရွားစွာစိတ်စွဲလန်း နေသော အရာဖြစ်သည်။)

၂။ သင်သည် သကြားလုံးစားချင်သော်လည်း သင့်မိခင်က မစားနှင့်ဟု ပြောလျှင် သင်သည် မည်သည့်အရာကို ပြုလုပ်ရမည်နည်း။

၃။ သင့်မိခင်က သကြားလုံးမစားခိုင်းသောကြောင့် သင်သည်ခြေထောက် ဆောင့်ကာ ငိုကြွေးလျှင် သင်သည် မည်သည့်ပညတ်တော်ကို ချိုးဖောက်ခြင်း ဖြစ်သနည်း။

၄။ သင့်သူငယ်ချင်းများပိုင်ဆိုင်သော ကစားစရာအရုပ်ကလေးများဝယ်ပေးရန် သင့်မိခင်အား ပူဆာနေသောအခါ သင်သည်မည်သည့်ပညတ်တော်ကို ချိုး ဖောက်ခဲ့သနည်း။

၅။ သင့်စိတ်ထဲတွင် သူတပါးဥစ္စာကို တပ်မက်သောစိတ်ရှိလျှင်သင်သည် မည်သည့် အရာကို လုပ်ဆောင်ရမည်နည်း။ (ကျွန်ုပ်အပြစ်အတွက် ဘုရားသခင်ထံအပြစ် ဝန်ချတောင်းပန်ရမည်ဖြစ်သည်။



## မေးခွန်း (၅၂) ဆုတောင်းခြင်းသည် အဘယ်နည်း။

## အဖြေ။ ။ ဘုရားသခင်နှင့် စကားပြောခြင်းဖြစ်သည်။

### ထပ်မံဖြည့်စွက်ထားသောမေးခွန်းများ

၁။ ဘုရာသခင်ကို သင်မြင်နိုင်သလား။ (မမြင်နိုင်သော်လည်း သူကကျွန်ုပ်ကို မြင်သည်။)

၂။ ဘုရားသခင်အသံတော်ကို သင်ကြားနိုင်သလား။ (မကြားနိုင်သော်လည် နှုတ်ကပတ်တော်ကိုဖတ်ခြင်းအားဖြင့် သူ့အသံတော်ကြားနိုင်သည်။)

၃။ သင့်ပြောသောစကားကို ဘုရားသခင်ကြားမည်ဟု သင်ထင်သလား။ (ထင်ပါ သည်။ သူကကျွန်ုပ်ကိုမြင်တွေ့နိုင်သည်။)

၄။ သင့်ကို ဘုရားသခင်က ချစ်သည်။ ဘုရားသခင်သည် သင်၏ဆုတောင်းသော အသံကို ကြားချင်သည်ဟု သင်ယုံကြည်သလား။

၅။ သင်သည် သင့်မိဘများဆုတောင်းသံကို နားထောင်ခြင်းအားဖြင့် ဘုရားသခင် ကို မည်သို့စကားပြောရမည်ကို သိရှိပါလိမ့်မည်။ ဘုရားသခင်ကို သင်စကား ပြောချင်သလား။



Copyright © Gratia Dei Sola Media

# Catechism Regime Guideline

1. **Toddler's Class** (understanding to 5 years old)
   a. Toddler's Catechism (52 Questions)
   b. My Bible Story Book by Dena Korfker (270 stories)
2. **Beginners I** (6/7 years old)
   a. Bible History Catechism – Beginners Book 1 of 3
   b. Bible History Catechism – Beginners Book 2 of 3
3. **Beginners II** (7/8 years old)
   a. Bible History Catechism – Beginners Book 3 of 3
   b. Catechism for Young Children – Intro to WSC
4. **Juniors I** (8/9 years old)
   a. Bible History Catechism – Juniors Book 1 of 2
   b. Bible History Catechism – Juniors Book 2 of 2
5. **Juniors II** (9/10 years old)
   Doctrine for Younger Children books A & B by James Beeke (20 lessons)
   Memory Verses / Character Building Supplement
6. **Seniors I** (10/11 years old)
   a. Bible History Catechism – Seniors Book 1 of 2
   b. Bible History Catechism – Seniors Book 2 of 2
7. **Seniors II** (11/12 years old)
   a. Westminster Shorter Catechism (107 Questions)
   b. Doctrinal Review
8. **Teens & Young Adults**
   Doctrine for Older Children books A & B by James Beeke (20 lessons)
   Westminster Confession of Faith

The above catechism class regime is for reference. It is adopted for use by Pilgrim Covenant Church since 1999. Parents and teachers may adjust the curriculum according to their needs.

Copyright © Gratia Dei Sola Media